# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက် | ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၃၀၆)


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ပြောကြားချက်

# ခေတ်အဆက်ဆက် အသက်သွေးချွေးများ ရင်းနှီးပေးဆပ်ခဲ့တဲ့ မြန်မာ့တပ်မတော်နဲ့ မျိုးချစ်ပြည်သူများက ဦးဆောင်ဆင်နွှဲနေတဲ့ တရားသောစစ်အောင်မြင်ဖို့ ပြည်သူအားလုံးက ယုံကြည်စွာနဲ့ ဝိုင်းဝန်းပေးကြဖို့လို



ချစ်ခင်လေးစားရပါတဲ့ မိဘပြည်သူများခင်ဗျာ-

ယခုကာလများအတွင်း နိုင်ငံတော်မှာဖြစ်ပေါ်ခဲ့တဲ့ အခြေအနေများကို ဆက်စပ်တင်ပြလိုပါတယ်။ အချို့အခြေအနေများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးမှာ ကျွန်တော် တင်ပြခဲ့ပြီးလည်း ဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ NLD ပါတီရဲ့ မဲမသမာမှု ၁၁သန်းကျော် ပြုလုပ်ခဲ့မှုတွေကြောင့် နိုင်ငံတော်မှာ မတည်မငြိမ်မှုတွေ ဖြစ်ပေါ်လာခဲ့ရပါတယ်။ ဒါ့ကြောင့်နိုင်ငံတော်ရဲ့ ယာယီသမ္မတကနေ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ယူပြီး တပ်မတော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ရဲ့ တာဝန်ကို ထိန်းသိမ်းစေခဲ့ပါတယ်။ တပ်မတော်အနေနဲ့ စစ်ဘက်၊ အရပ်ဘက် ပူးပေါင်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းကာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ နိုင်ငံတော်ရဲ့တာဝန် စတင်ထမ်းဆောင်ချိန်ကတည်းက ရွေးကောက်ပွဲတစ်ရပ် ပြန်လည်ကျင်းပပေးရေးသည် အန္တိမရည်မှန်းချက်ဖြစ်တယ်လို့ တိုင်းသိပြည်သိကြေညာခဲ့ပါတယ်။ ဒီလိုနိုင်ငံရေး အပြောင်းအလဲဖြစ်ပြီးချိန်မှာ သာမန်ဆန္ဒပြရာကနေ တဖြည်းဖြည်း မင်းမဲ့စရိုက်ဆန်တဲ့ ဆူပူလှုပ်ရှားမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ NLD အစွန်းရောက်ပါတီဝင်အချို့ရဲ့ ဦးဆောင်မှုနဲ့ လက်နက်ကိုင်ဆူပူအကြမ်းဖက်လုပ်ရပ်တွေကို စတင်လုပ်ဆောင်ခဲ့ကြပါတယ်။ ဒါတင်မကဘဲ အချို့လူငယ်တွေကို ဝါဒမှိုင်းရိုက်သွင်းပြီးတော့မှ ငြိမ်းချမ်းရေးကို မလိုလားတဲ့၊ နိုင်ငံတော်အပေါ်သဘောထားမမှန်တဲ့ လက်နက်ကိုင်အဖွဲ့အချို့ထံမှာ အကြမ်းဖက်စစ်သင်တန်းများ သွားရောက်သင်ကြားစေခဲ့ပါတယ်။ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေကို ဖွဲ့စည်းခဲ့ကြပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑


**ယနေ့ ဖတ် စ ရာ**

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇/ ၂၀၂၄) ကြိမ်မြောက် အစည်းအဝေးက လျှပ်စစ်သုံးမော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ခြင်း လုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၅ ခုကို ခွင့်ပြု**
ပြည်တွင်းသတင်း | စာ ၆

**စာပေနှင့် နိုင်ငံတော် ကာကွယ်ရေး**
ဆောင်းပါး | စာ ၈

**လူမှုစီးပွားအကျိုးများအောင် ရှေ့ဆောင်လမ်းပြ မြန်မာ့သမဝါယမ**
ဆောင်းပါး | စာ ၁၆

# တပ်မတော်အနေနဲ့လည်း နယ်မြေဒေသတွေ ပြန်လည်တည်ငြိမ်အေးချမ်းဖို့အတွက် ဒေသခံပြည်သူများနဲ့ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်

**❖ လက်နက်ကိုင်ပဋိပက္ခ သက်ဆိုးရှည်ရေးနဲ့ မြန်မာနိုင်ငံအပေါ်မှာ သူတို့လိုချင်တဲ့ လက္ခဏာမျိုးရရှိစေလိုတဲ့ ပြည်ပနိုင်ငံအချို့ဟာ လက်နက်ကိုင်သောင်းကျန်းသူတွေ၊ နိုင်ငံရေးသဘောထားကွဲလွဲသူတွေက အကြမ်းဖက်လမ်းစဉ်ဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းတွေကို ငွေကြေးရရှိအောင်၊ အစားအသောက်ရရှိအောင်၊ ဆေးဝါးရရှိအောင်၊ လက်နက်ခဲယမ်း မီးကျောက်ရရှိအောင်၊ နည်းပညာများရရှိအောင်၊ အုပ်ချုပ်ထောက်ပံ့မှုအခွင့်အလမ်းများရရှိအောင် လုပ်ဆောင်လျက်ရှိပြီး ပြည်ဖျက်မီဒီယာများကိုလည်း စိတ်ဓာတ်စစ်ဆင်ရေးလုပ်နိုင်အောင် ကူညီပေးလျက်ရှိတာကိုလည်း တွေ့ရ**

❑ *ရှေ့ဖုံးမှ*

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲက NCA ကို လက်မှတ်မရေးထိုးရသေးတဲ့အဖွဲ့များရော၊ NCA ကို လက်မှတ်ရေးထိုးထားတဲ့အဖွဲ့ထဲက အချို့သော EAO တို့ကပါ PDF အကြမ်းဖက်အဖွဲ့တွေကို အားပေးအားမြှောက်ပြုပြီး သင်တန်းများ ပေးခဲ့တာ တွေ့ခဲ့ရပါတယ်။ PDF အကြမ်းဖက်သမားတွေ EAO အဖွဲ့ အချို့ထံမှာ အကြမ်းဖက်သင်တန်းများ တက်ပြီးတဲ့နောက်မှာ နိုင်ငံတစ်ဝန်း လူသတ်၊ ဗုံးထောင်၊ ဗုံးခွဲ၊ အကြောင်းမဲ့ပစ်ခတ်မှုတွေ လုပ်ဆောင်ခဲ့ပြီး ပြည်သူလူထုကို ခြောက်လှန့်နေတာ ဒီနေ့အချိန်အထိပဲ ဖြစ်ပါတယ်။ ဒီလို နိုင်ငံတစ်ဝန်း မတည်မငြိမ်မှုတွေ လုပ်ဆောင်တဲ့အချိန်မှာပဲ အချို့သော လက်နက်ကိုင်အဖွဲ့တွေအနေနဲ့ ဒီအပေါ်မှာ အခွင့်အရေးအဖြစ် ဖန်တီးပြီး နယ်မြေချဲ့ထွင်သိမ်းပိုက်ဖို့ကြိုးပမ်းလာခဲ့ကြပါတယ်။

### MNDAA သောင်းကျန်းသူအဖွဲ့အနေနဲ့ လက်ရှိအချိန်မှာ လောက်ကိုင်မြို့မှာရှိတဲ့ ဗမာလူမျိုးများကို ဖမ်းဆီးပြီး မြို့က နှင်ထုတ်နေတဲ့သတင်းတွေလည်း တွေ့ရှိနေရ

MNDAA၊ TNLA၊ AA သောင်းကျန်းသူအဖွဲ့တွေအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ ၂၀၂၂ ခုနှစ် ဧပြီလက ဖိတ်ခေါ်ခဲ့တဲ့ ငြိမ်းချမ်းရေးကမ်းလှမ်းချက်တွေကိုငြင်းပယ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း၊ နယ်စပ်ဒေသမှာရှိတဲ့ တပ်မတော်လုံခြုံရေးတပ်စခန်းများနဲ့ ချင်းရွှေဟော်မြို့ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်မှာ အင်အားသုံးစတင်တိုက်ခိုက်ခဲ့ပါတယ်။ ဒီလိုတိုက်ခိုက်နိုင်ဖို့အတွက် ၂၀၂၂ ခုနှစ်လောက်ကတည်းက လူအင်အား၊ လက်နက်အင်အား စုဆောင်းတာတွေ၊ Drone များကိုအသုံးပြုပြီး တိုက်ခိုက်ဖို့ လေ့ကျင့်တာတွေကို ဆောင်ရွက်ခဲ့တယ်လို့ သိရှိရပါတယ်။ တည်ငြိမ်အေးချမ်းနေတဲ့ နယ်မြေဒေသတစ်ခုလုံးကို စစ်ပွဲဒဏ်သင့်အောင် လုပ်ဆောင်ခဲ့ပါတယ်။ သောင်းကျန်းသူအဖွဲ့တွေအနေနဲ့ ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျတဲ့ လမ်းတံတားတွေကစပြီး စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အဦများကို ဖျက်ဆီးခဲ့ကြပါတယ်။ အစိုးရအနေနဲ့ နယ်စပ်ဒေသတည်ငြိမ်ရေးနဲ့ ဒေသတွင်း ပြန်လည်တည်ငြိမ်အေးချမ်းရေးကိုရှေးရှုပြီး နှစ်ဖက်အပစ်အခတ်ရပ်စဲရေးကို ဇန်နဝါရီလမှာ သဘောတူညီခဲ့ပါတယ်။ ဒါပေမယ့် MNDAA ၊ TNLA အဖွဲ့တို့အနေနဲ့ အကြောင်းပြချက်မျိုးစုံပြပြီး ရှမ်းပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ သီပေါ၊ နောင်ချို၊ ကျောက်မဲ၊ မိုးမိတ်နဲ့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မိုးကုတ်မြို့တို့ကို တိုက်ခိုက်ခဲ့ကြပါတယ်။ ဇူလိုင်လ ၃ ရက်နေ့မှာ လားရှိုးမြို့ကို တိုက်ခိုက်ခဲ့ပါတယ်။ ပြည်သူလူထုနေထိုင်တဲ့ မြို့ရွာတွေထဲမှာရှိတဲ့ လူနေအိမ်တွေ၊ ဆေးရုံတွေ၊ စာသင်ကျောင်းတွေ၊ ဘာသာရေး အဆောက်အဦတွေကို ပစ်မှတ်ထားပြီး အဓိကအားဖြင့် အဆင့်မြှင့်တင်ထားတဲ့ ရှေ့ဒ္ဓတိုက်ဒုံးများနဲ့ ပစ်ခတ်တာတွေ၊ Drop Bomb များနဲ့ တိုက်ခိုက်တာတွေကို အကြိမ်ပေါင်းများစွာလုပ်ဆောင်ခဲ့တာ အားလုံးတွေ့မြင်ပြီး ဖြစ်ပါတယ်။ ဩဂုတ်လ ၂ ရက်နေ့မှာတော့ လားရှိုးမြို့မှာရှိတဲ့ တပ်မတော်ဆေးရုံကို Drop Bomb များ အဆက်မပြတ်ကြဲချပြီး ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ပါတယ်။ လူနာများနဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ပစ်ခတ်သတ်ဖြတ်တာတွေ၊ အမျိုးသမီးများ၊ မိသားစုဝင်များနဲ့ ကလေးသူငယ်များအပါအဝင် အချို့လူနာများကို ဖမ်းဆီးခေါ်ဆောင်သွားတာတွေ လုပ်ဆောင်ခဲ့ကြပါတယ်။ တပ်မတော်ဆေးရုံဆိုတာ တပ်မတော်သားတွေသာမက တပ်မတော်သားမိသားစုဝင်များ၊ ရဟန်းသံဃာများ၊ သာမန်တိုင်းရင်းသား ပြည်သူများ တက်ရောက်ကုသနေတဲ့ ဆေးရုံဖြစ်ပြီး သက်ဆိုင်ရာနယ်မြေအလိုက် ဒေသခံပြည်သူတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေကို နယ်လှည့်ဆေးကုသရေးအဖွဲ့များနဲ့ ဆောင်ရွက်ပေးနေတဲ့ ဆေးရုံများပဲ ဖြစ်ပါတယ်။ သူတို့အကြမ်းဖက် တိုက်ခိုက်ခဲ့တဲ့ဒေသတွေကို ကြည့်ရင် သူတို့လူမျိုးနေထိုင်တဲ့ရာခိုင်နှုန်း အနည်းငယ်သာ ရှိနေတာကိုလည်း တွေ့နိုင်ပါတယ်။ ဥပမာ လားရှိုးမြို့နယ်အတွင်းမှာ ကိုးကန့်လူမျိုးများနေထိုင်တာ ၂၀ ရာခိုင်နှုန်းပတ်ဝန်းကျင်ရှိပေမယ့် အများစုဟာ လားရှိုးမြို့ပေါ်မှာ မဟုတ်ဘဲ ကျေးရွာများမှာသာ နေထိုင်ကြပါတယ်။ မြို့ပေါ်မှာ ရှမ်း၊ ဗမာနဲ့ ကချင်တို့သာ အများဆုံးနေထိုင်ကြပါတယ်။ ထို့အတူပဲ ကျောက်မဲ၊ သီပေါမြို့နယ်ဘက်မှာ ပလောင်လူမျိုးများနေထိုင်မှုက ၁၅ ရာခိုင်နှုန်းပတ်ဝန်းကျင်သာရှိပါတယ်။ နောင်ချိုမြို့နယ်မှာဆိုရင်လည်း ပလောင်လူမျိုးနေထိုင်မှုဟာ တစ်ရာခိုင်နှုန်းတောင်မပြည့်ပါဘူး။ ရှမ်း၊ ဗမာ၊ ဓနုလူမျိုးတွေသာ အများဆုံးနေထိုင်ကြတာဖြစ်ပါတယ်။ ဒီလို အကြောင်းမဲ့အကြမ်းဖက် လုပ်ရပ်တွေကြောင့် ဒေသခံပြည်သူတွေအနေနဲ့ မိမိတို့ရဲ့ အိုးအိမ်တွေကိုစွန့်ခွာပြီး တိုက်ပွဲရှောင်များအဖြစ် အခြားဒေသများမှာ သွားရောက်ခိုလှုံနေကြတာကို ပြည်သူအားလုံး မျက်မြင်ကိုယ်တွေ့ဖြစ်ပါတယ်။ စစ်ဘေးရှောင်ပြည်သူတွေဆီက အဖိုးတန် ရွှေ၊ ငွေ၊ ပစ္စည်းတွေ လုယက်တာတွေ၊ ပြည်သူလူထု စွန့်ခွာထွက်ပြေးခဲ့ရတဲ့ အိုးအိမ်နဲ့ ပိုင်ဆိုင်မှုတွေကနေ အဖိုးတန်ပစ္စည်းတွေ ဖောက်ထွင်းခိုးဝှက် ရယူတာတွေ၊ စစ်ဘေးရှောင်တွေနဲ့ ဒေသခံပြည်သူတွေကို ခြိမ်းခြောက်ပြီး ကလေးငယ်တွေကို စစ်မှုထမ်းဆောင်စေပြီး အတင်းအဓမ္မ တိုက်ပွဲဝင်စေတာတွေကို ပြုလုပ်ခဲ့ကြပါတယ်။ သူတို့ထိန်းချုပ်ထားတဲ့ နယ်မြေတွေမှာ အစိုးရအခြေခံ အဆောက်အဦတွေ၊ လူမျိုးရေးနှင့်ဘာသာရေး အထိမ်းအမှတ်အဆောက်အဦတွေကို စက်ယန္တရားတွေကို သုံးပြုပြီး မြေလှန်ဖျက်ဆီးတာတွေ လုပ်ဆောင်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးရရှိသွားပြီး တရားဥပဒေစိုးမိုးမှု အပြည့်ရှိရင် ဒေသခံပြည်သူတွေကို လက်နက်ပြခြိမ်းခြောက်ပြီး လိုသလိုချုပ်ချယ်မရနိုင်တော့မှာ၊ ကိုယ်ကျိုးစီးပွားရှာလို့မရနိုင်တော့မှာကိုသိတဲ့အတွက် အခုလိုမိုက်တွင်းနက်တဲ့ လုပ်ရပ်မျိုးကို လုပ်ဆောင်နေတာပဲဖြစ်ပါတယ်။ MNDAA သောင်းကျန်းသူအဖွဲ့အနေနဲ့ လက်ရှိအချိန်မှာ လောက်ကိုင်မြို့မှာရှိတဲ့ ဗမာလူမျိုးများကို ဖမ်းဆီးပြီး မြို့က နှင်ထုတ်နေတဲ့သတင်းတွေလည်း တွေ့ရှိနေရပါတယ်။ ဒါပေမယ့် သောင်းကျန်းသူအဖွဲ့တွေရဲ့ ထုတ်ပြန်ချက်တွေမှာ မြန်မာ့တပ်မတော်ကပဲ တိုက်ခိုက်ဖျက်ဆီးနေတယ်၊ လူမျိုးရေး ခွဲခြားနေတယ်ဆိုပြီး စွပ်စွဲထားတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ လောက်ကိုင်မြို့ဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲ့ မြို့ဖြစ်ပါတယ်။ နိုင်ငံခြားသားများ ဝင်ထွက်မှုပြုလုပ်ခြင်းကို အစိုးရရဲ့တရားဝင် လုပ်ထုံးလုပ်နည်း၊ ခွင့်ပြု ချက်များနဲ့အညီသာ ဆောင်ရွက်ရမယ့် ဒေသဖြစ်ပါတယ်။ ယခင်က တရားမဝင် ဝင်ရောက်နေထိုင်ခဲ့ကြတဲ့သူများနဲ့ ပတ်သက်ဆက်နွှယ်နေသူများ ပူးပေါင်းပြီးတော့ ကျားဖြန့်ခေါ် အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှုများနဲ့ တရားမဝင်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အဲ့ဒီလို တရားမဝင်ဝင်ရောက်နေထိုင်သူတွေနဲ့ ပတ်သက်ဆက်နွှယ်နေသူတွေကို အရေးယူခြင်း၊ လွှဲပြောင်းပေးခြင်း၊ နှိမ်နင်းခြင်းတွေကိုလည်း ပြတ်ပြတ်သားသား ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ယခုအချိန်မှာလည်း တရားဝင်လုပ်ထုံးလုပ်နည်းများနဲ့အညီ ဝင်ရောက်နေထိုင်ရန် ခွင့်ပြုထားတဲ့ နိုင်ငံခြားသားများ မရှိကြောင်း ပြောကြားလိုပါတယ်။ သောင်းကျန်းသူအဖွဲ့တွေအနေနဲ့ ယခုအချိန်အခါမှာလည်း ကျောက်မဲ၊ နောင်ချိုဒေသများမှာရှိတဲ့ တပ်မတော်လုံခြုံရေးတပ်စခန်းတွေကို အင်အားအလုံးအရင်းနဲ့ အပြင်းအထန် တိုက်ခိုက်လျက်ရှိနေပါတယ်။ ဒါ့ကြောင့် သူတို့ရဲ့ လုပ်ရပ်များနဲ့ ထုတ်ပြန်ချက်များကို မှန်ကန်စွာခွဲခြားပြီး ရှုမြင်ဖို့၊ ဝိုင်းဝန်းဆန့်ကျင်ကြဖို့လည်း အရေးကြီးပါတယ်။

**❍ MNDAA ၊ TNLA အဖွဲ့တို့အနေနဲ့ အကြောင်းပြချက်မျိုးစုံပြပြီး ရှမ်းပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ သီပေါ၊ နောင်ချို၊ ကျောက်မဲ၊ မိုးမိတ်နဲ့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မိုးကုတ်မြို့တို့ကို တိုက်ခိုက်ခဲ့ကြပါတယ်။ ဇူလိုင်လ ၃ ရက်နေ့မှာ လားရှိုးမြို့ကို တိုက်ခိုက်ခဲ့ပါတယ်။ ပြည်သူလူထုနေထိုင်တဲ့ မြို့ရွာတွေထဲမှာရှိတဲ့ လူနေအိမ်တွေ၊ ဆေးရုံတွေ၊ စာသင်ကျောင်းတွေ၊ ဘာသာရေးအဆောက်အဦတွေကို ပစ်မှတ်ထားပြီး အဓိကအားဖြင့် အဆင့်မြှင့်တင်ထားတဲ့ ရှေ့ဒ္ဓတိုက်ဒုံးများနဲ့ ပစ်ခတ်တာတွေ၊ Drop Bomb များနဲ့ တိုက်ခိုက်တာတွေကို အကြိမ်ပေါင်းများစွာလုပ်ဆောင်ခဲ့တာ အားလုံးတွေ့မြင်ပြီး ဖြစ်ပါတယ်**

**❍ ဩဂုတ်လ ၂ ရက်နေ့မှာတော့ လားရှိုးမြို့မှာရှိတဲ့ တပ်မတော်ဆေးရုံကို Drop Bomb များ အဆက်မပြတ်ကြဲချပြီး ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ပါတယ်။ လူနာများနဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ပစ်ခတ်သတ်ဖြတ်တာတွေ၊ အမျိုးသမီးများ၊ မိသားစုဝင်များနဲ့ ကလေးသူငယ်များအပါအဝင် အချို့လူနာများကို ဖမ်းဆီးခေါ်ဆောင်သွားတာတွေ လုပ်ဆောင်ခဲ့ကြပါတယ်။ တပ်မတော်ဆေးရုံဆိုတာ တပ်မတော်သားတွေသာမက တပ်မတော်သား မိသားစုဝင်များ၊ ရဟန်းသံဃာများ၊ သာမန်တိုင်းရင်းသားပြည်သူများ တက်ရောက်ကုသနေတဲ့ ဆေးရုံဖြစ်ပြီး သက်ဆိုင်ရာနယ်မြေအလိုက် ဒေသခံပြည်သူတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို နယ်လှည့်ဆေးကုသရေးအဖွဲ့များနဲ့ ဆောင်ရွက်ပေးနေတဲ့ ဆေးရုံများပဲ ဖြစ်ပါတယ်**

### AA အဖွဲ့ခေါင်းဆောင်များရဲ့ လုပ်ရပ်များဟာ ကိုယ့်လူမျိုးကို ကိုယ်ပြန်ဖျက်ဆီးနေသလို ဖြစ်နေတာလည်းတွေ့ရ

AA သောင်းကျန်းသူအဖွဲ့ဆိုရင်လည်း ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှာပဲ ရခိုင်ပြည်နယ် နယ်ခြားစောင့်ရဲကင်းစခန်းငယ် တစ်ခုဖြစ်တဲ့ ဒုံးပိုက်ရဲကင်းစခန်းကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်းနဲ့ ရခိုင်ပြည်နယ်အတွင်း မတည်မငြိမ်မှုတွေဖြစ်အောင် စတင်ဖန်တီးခဲ့ပါတယ်။ အဲဒီနောက် ရခိုင်ပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ နယ်မြေလုံခြုံရေးဆောင်ရွက်နေတဲ့ လုံခြုံရေးစခန်းတွေ၊ တပ်စခန်းတွေကို တိုက်ခိုက်ပြီး ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝများ၊ ပညာရေး၊ ကျန်းမာရေးစတဲ့ ကဏ္ဍအစုံကို ဖျက်ဆီးခဲ့ကြပါတယ်။ ဒါကြောင့်လည်း ဒေသခံပြည်သူများအနေနဲ့ ရန်ကုန်၊ နေပြည်တော်နဲ့ အခြားမြို့တွေကို တိုက်ပွဲရှောင်များအဖြစ် တိမ်းရှောင်ထွက်ပြေးခဲ့ကြရပါတယ်။ ယခု အချိန်မှာလည်း ရခိုင်ပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ မြို့ရွာတွေသာမက တည်ငြိမ်စွာ၊ အေးချမ်းစွာ နေထိုင်လိုတဲ့

*စာမျက်နှာ ၄ သို့*

# တပ်မတော်အနေနဲ့ ခေတ်အဆက်ဆက်မှာ ရရှိပြီးသား လွတ်လပ်ရေးကြီးတည်တံ့နေဖို့၊ ပြည်ထောင်စုကြီး တည်တံ့နေဖို့ ပြည်သူ့ရှေ့ကနေ မားမားမတ်မတ်ရပ်တည်ကာ ကာကွယ်စောင့်ရှောက်ပေးခဲ့တာ ဒီနေ့အချိန်အထိလည်းဖြစ်

*စာမျက်နှာ ၃ မှ*

ရခိုင်ပြည်နယ်တောင်ပိုင်းရှိ မြို့များကိုလည်း အပြင်းအထန် တိုက်ခိုက်လျက်ရှိတာတွေ့ရပါတယ်။ ရခိုင်ပြည်နယ်မှာ ရခိုင်လူမျိုးသာ ၉၀ ရာခိုင်နှုန်းနေထိုင်တာကြောင့် AA အဖွဲ့ခေါင်းဆောင်များရဲ့ လုပ်ရပ်များဟာ ကိုယ့်လူမျိုးကိုကိုယ်ပြန်ဖျက်ဆီးနေသလို ဖြစ်နေတာလည်း တွေ့ရပါတယ်။ တပ်မတော်အနေနဲ့လည်း နယ်မြေဒေသတွေ ပြန်လည်တည်ငြိမ်အေးချမ်းဖို့အတွက် ဒေသခံပြည်သူများနဲ့ ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီးနဲ့ စပ်ဆက်နယ်မြေများမှာလည်း PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေရဲ့ ပြည်သူ့အသက်အိုးအိမ်နဲ့ မြို့ရွာများဖျက်ဆီးနေမှုရဲ့ အဓိကအရင်းအမြစ်ဟာ KIA အဖွဲ့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရ**

အလားတူ KIA အဖွဲ့ဟာဆိုရင်လည်း ၂၀၂၁ ခုနှစ်လောက်ကတည်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းမှာရှိတဲ့ PDF အမည်ခံအကြမ်းဖက်သမားများကို လက်နက်များ တပ်ဆင်ပေးတာတွေ၊ အကြမ်းဖက်စစ်သင်တန်းပေးတာတွေကို လုပ်ဆောင်လာခဲ့ပြီး နယ်မြေမငြိမ်မသက်ဖြစ်အောင်ပုံ ဖော်ခဲ့ကြပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ စပ်ဆက်နယ်မြေများမှာလည်း PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေရဲ့ ပြည်သူ့အသက် အိုးအိမ်နဲ့ မြို့ရွာများဖျက်ဆီးနေမှုရဲ့ အဓိကအရင်း အမြစ်ဟာ KIA အဖွဲ့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ၂၀၂၄ ခုနှစ် မတ်လကတည်းက ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ လုံခြုံရေးတပ်စခန်းများနဲ့ မြို့ရွာများကိုလည်း အင်အားသုံးတိုက်ခိုက်လာတာကိုလည်းတွေ့ရပါတယ်။ ဒါ့အပြင် CNF အဖွဲ့ဟာဆိုရင်လည်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေနဲ့ပူးပေါင်းပြီးတော့ ချင်းပြည်နယ်အတွင်းမှာ တိုက်ပွဲများ ဖော်ဆောင်လာတဲ့အတွက် ချင်းပြည်နယ်အတွင်းမှာရှိတဲ့ တည်ငြိမ်အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နေကြတဲ့ တိုင်းရင်းသားပြည်သူတို့ရဲ့ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာပျက်စီးခဲ့ရပြီး ဖလမ်း၊ မတူပီ၊ လိုင်လင်းပီ၊ မင်းတပ်၊ ထန်တလန် စတဲ့ မြို့ရွာများ ထိခိုက်ပျက်စီးခဲ့ရတာကိုလည်း တွေ့မြင်ရပါတယ်။

**KNU အဖွဲ့ရဲ့အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် ဒေသခံပြည်သူလူထုရဲ့ လူမှုစီးပွားဘဝများ များစွာထိခိုက်နစ်နာပျက်စီးခဲ့ရ**

အလားတူ KNU အဖွဲ့မှ အချို့ခေါင်းဆောင်များဟာ ဆိုရင်လည်း သူတို့ဟာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးထားတဲ့အဖွဲ့ ဖြစ်သော်လည်း သဘောတူချက်တွေကို ဖောက်ဖျက်လာတာကို တွေ့ရှိရပါတယ်။ သူတို့ဟာ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေကို အကြမ်းဖက်သင်တန်းများ သင်ကြားလေ့ကျင့်ပေးတာတွေ၊ လက်နက်များ တပ်ဆင်ပေးတာတွေကို ပြုလုပ်ခဲ့ကြပြီးတော့မှ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ လုံခြုံရေးတပ်စခန်းများ၊ မြို့ရွာများကို အင်အားသုံးတိုက်ခိုက်ခြင်းများ လုပ်ဆောင်လာခဲ့ကြပါတယ်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်မှာဆိုရင် ကော့ကရိတ်မြို့၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၅ ရက်မှာ ဆိုရင် သင်္ကန်းညိုနောင်မြို့နဲ့ ဧပြီလ ၁၀ ရက်မှာ မြဝတီမြို့တို့ကို တိုက်ခိုက်ခဲ့တာကို တွေ့ရပါတယ်။ KNU အဖွဲ့ရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် ဒေသခံပြည်သူလူထုရဲ့ လူမှုစီးပွားဘဝများ များစွာထိခိုက်နစ်နာပျက်စီးခဲ့ရပါတယ်။ ဒါ့အပြင် မြန်မာပြည်သူလူထု အားထားနေရတဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပိတ်ဆို့ရပ်ဆိုင်းခဲ့ရပြီး ပြည်သူလူထုနဲ့နိုင်ငံအတွက် များစွာနစ်နာခဲ့ပါတယ်။ ဒါတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေက ဒေသတွင်း အမြန်ဆုံးတည်ငြိမ်အေးချမ်းမှုရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက် ရှိနေပါတယ်။ လက်ရှိမှာလည်း KNU အနေနဲ့ တပ်မဟာ(၁၊ ၃၊ ၅) သုံးခုပူးပေါင်းပြီး စစ်တောင်းမြစ်တစ်ဝိုက်မှာ တိုက်ကွက်များ ဖော်ဆောင်နိုင်ရေးလက်ရှိ KNU ဥက္ကဋ္ဌနဲ့ စစ်ဦးစီးချုပ်တို့က ပူးပေါင်းကြံစည်လျက်ရှိနေတယ်ဆိုတဲ့ သတင်းကိုလည်း ရရှိထားပါတယ်။

**KNPP/KNDF သောင်းကျန်းသူတွေအနေနဲ့ လွိုင်ကော်မြို့ကို မအောင်မြင်တဲ့အခါ ရှမ်းပြည်နယ်နဲ့အစပ်ဖြစ်တဲ့ ဆီဆိုင်ဒေသဘက်ကို ထိုးဖောက်ဝင်ရောက်ခဲ့**

KNPP/KNDF အဖွဲ့နှင့်ပတ်သက်ပြီး KNPP/KNDF သောင်းကျန်းသူအဖွဲ့တွေဟာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှာ ကယားပြည်နယ်၊ လွိုင်ကော်မြို့ကို အင်အားအလုံးအရင်းနဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့တာရှိပါတယ်။ KNPP/KNDF အဖွဲ့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မလိုလားတဲ့ ဒေသခံပြည်သူတွေရဲ့ သတင်းပေးမှုတွေကြောင့် KNPP/KNDF သောင်းကျန်းသူအဖွဲ့ဝင်များကိုလည်း ချေမှုန်းနိုင်ခဲ့ပါတယ်။ တပ်မတော်အပါအဝင် လုံခြုံရေးတပ်ဖွဲ့များကလည်း စွန့်လွှတ်စွန့်စားတဲ့ စိတ်ဓာတ်နဲ့ ခုခံတိုက်ခိုက်နေကြတဲ့အတွက် အခြေအနေအရပ်ရပ်ကို ထိန်းချုပ်နိုင်ခဲ့ပါတယ်။ KNPP/KNDF သောင်းကျန်းသူတွေအနေနဲ့ လွိုင်ကော်မြို့ကို မအောင်မြင်တဲ့အခါ ရှမ်းပြည်နယ်နဲ့အစပ်ဖြစ်တဲ့ ဆီဆိုင်ဒေသဘက်ကို ထိုးဖောက်ဝင်ရောက်ခဲ့ပါတယ်။ ဆီဆိုင်ဒေသဟာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တဲ့အတွက် ပအိုဝ်းပြည်သူ့စစ်များနဲ့ ဒေသခံပြည်သူများကလုံးဝလက်မခံဘဲ ရှုပ်ရှုပ်ချွံချွံတိုက်ထုတ်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါ့ကြောင့် လက်ရှိအချိန်မှာ လွိုင်ကော်နဲ့ ဆီဆိုင်ဒေသတို့မှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီလည်း ဖြစ်ပါတယ်။ ကယားပြည်နယ်တစ်ခုလုံး ယခင်လို တည်ငြိမ်အေးချမ်းမှုအပြည့်အဝရရှိအောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သောင်းကျန်းသူအဖွဲ့တွေအနေနဲ့ ဒီလိုတိုက်ခိုက်မှုတွေ လုပ်ဆောင်တဲ့အခါမှာ အဖျက်စိတ်နဲ့ပြည်သူအများအပြား ထိခိုက်စေခဲ့သလို မြို့ရွာများကို ဖျက်ဆီးခဲ့တာကိုလည်း တွေ့ရပါတယ်။

လက်နက်ကိုင်ပဋိပက္ခ သက်ဆိုးရှည်ရေးနဲ့ မြန်မာနိုင်ငံအပေါ်မှာ သူတို့လိုချင်တဲ့ လက္ခဏာမျိုးရရှိစေလိုတဲ့ ပြည်ပနိုင်ငံအချို့ဟာ လက်နက်ကိုင်သောင်းကျန်းသူတွေ၊ နိုင်ငံရေးသဘောထားကွဲလွဲသူတွေက အကြမ်းဖက်လမ်းစဉ်ဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းတွေကို ငွေကြေးရရှိအောင်၊ အစားအသောက်ရရှိအောင်၊ ဆေးဝါးရရှိအောင်၊ လက်နက်ခဲယမ်း မီးကျောက်ရရှိအောင်၊ နည်းပညာများရရှိအောင်၊ အုပ်ချုပ်ထောက်ပံ့မှုအခွင့်အလမ်းများရရှိအောင် လုပ်ဆောင်လျက်ရှိပြီး ပြည်ဖျက်မီဒီယာများကိုလည်း စိတ်ဓာတ်စစ်ဆင်ရေးလုပ်နိုင်အောင် ကူညီပေးလျက်ရှိတာကိုလည်း တွေ့ရပါတယ်။

**မြန်မာနိုင်ငံတောင်ပိုင်းဒေသမှာရှိတဲ့ လက်နက်ကိုင်အဖွဲ့များ ကိုင်ဆောင်နေတဲ့ လက်နက်များဟာဆိုရင်လည်း ထိုင်း – မြန်မာ နယ်စပ်မှောင်ခိုလမ်းကြောင်းကနေ တင်သွင်းလာတဲ့ လက်နက်များပဲဖြစ်**

တရုတ် – မြန်မာ နယ်စပ်မှာရှိတဲ့ EAO နယ်မြေအချို့မှာ လက်နက်ခဲယမ်း မီးကျောက်စက်ရုံများ တည်ထောင်ထားပြီး လက်နက်များ၊ ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများ ထုတ်လုပ်နေတာကို သိရှိရပါတယ်။ အဲ့ဒီလက်နက်စက်ရုံတွေက ထုတ်လုပ်တဲ့ လက်နက်ခဲယမ်းတွေကို PDF အမည်ခံအကြမ်းဖက်သမားတွေနဲ့ အခြား EAO အဖွဲ့တွေကို ထောက်ပံ့တာတွေ၊ ရောင်းချတာတွေ ပြုလုပ်နေတာကို တွေ့ရှိရပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိတဲ့ လက်နက်တွေ၊ ခဲယမ်း အများစုဟာလည်း အဲ့ဒီစက်ရုံများက ထုတ်လုပ်တဲ့ လက်နက်ခဲယမ်းများ ဖြစ်တာကိုလည်း တွေ့ရှိရပါတယ်။ ဒီလိုလက်နက် ခဲယမ်းမီးကျောက်စက်ရုံများ ထူထောင်ဖို့ဆိုတာ သာမန်အခြေအနေနဲ့ မရပါဘူး။ ငွေကြေးအင်အားနဲ့ နည်းပညာအင်အားများ များစွာလိုအပ်တာဖြစ်တာကြောင့် ဒီစက်ရုံတွေလည်ပတ်ဖို့ ငွေကြေးနဲ့နည်းပညာအင်အား ဘယ်နေရာကရရှိတာလဲဆိုတာကိုလည်း ဆန်းစစ်သွားရမှာလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံတောင်ပိုင်းဒေသမှာရှိတဲ့ လက်နက်ကိုင်အဖွဲ့များ ကိုင်ဆောင်နေတဲ့ လက်နက်များဟာဆိုရင်လည်း ထိုင်း – မြန်မာ နယ်စပ်မှောင်ခိုလမ်းကြောင်းကနေ တင်သွင်းလာတဲ့ လက်နက်များပဲ ဖြစ်ပါတယ်။ EAO အဖွဲ့တွေနဲ့ PDF အမည်ခံ အကြမ်းဖက်သမားတွေ ကိုင်ဆောင်နေတဲ့ ဆက်သွယ်ရေးစက်တွေ၊ Drone တွေ၊ လက်နက်ခဲယမ်းတွေဟာ အဆိုပါအရင်းအမြစ်တွေက ရရှိနေတာပဲဖြစ်ပါတယ်။

**ပြင်ပကြေးစား နည်းပညာရှင်များနဲ့ ပူးပေါင်းပြီး နည်းပညာအရ အဆင့်မြှင့်တင်ထားတာတွေ၊ တိုက်ပွဲမှာ ပိုမိုအသုံးဝင်အောင် ပြုပြင်ထားတာတွေကိုလည်းတွေ့ရှိရ**

MNDAA၊ TNLA အကြမ်းဖက်သောင်းကျန်းသူများနဲ့ ဆက်စပ်အဖွဲ့တွေ သုံးနေတဲ့ Drop Bomb တွေ၊ ရှော့တိုက်ဗုံးတွေဟာ နည်းပညာအရ အဆင့်မြှင့်တင်ပြင်ဆင်ထားတဲ့ ပစ္စည်းများဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။ သူတို့ သုံးစွဲနေတဲ့ Drone တွေဟာ ပြည်ပဈေးကွက်မှာ ဝယ်ယူရရှိနိုင်ပေမယ့် ဒါတွေကို ပြင်ပကြေးစား နည်းပညာရှင်များနဲ့ ပူးပေါင်းပြီး နည်းပညာအရ အဆင့်မြှင့်တင်ထားတာတွေ၊ တိုက်ပွဲမှာ ပိုမိုအသုံးဝင်အောင် ပြုပြင်ထားတာတွေကိုလည်း တွေ့ရှိရပါတယ်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေနဲ့ ဒီလို အကြမ်းဖက်သောင်းကျန်းသူတွေကို တိုက်ခိုက်ခဲ့တဲ့အချိန်မှာ အရပ်သားပြည်သူတွေ မထိခိုက်စေဖို့ ချမှတ်ထားတဲ့ ကာကွယ်ခုခံပိုင်ခွင့်အတွက် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများနှင့် အကြမ်းဖက်သောင်းကျန်းမှု နှိမ်နင်းရေးဆိုင်ရာ တည်ငြိမ်မှုစစ်ဆင်ရေးအတွက် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများနဲ့အညီ တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးအားလုံး အတူတကွ စုစည်းပြီး နေထိုင်ကြတဲ့နိုင်ငံဖြစ်ပြီး တောတောင်ရေမြေကစပြီး လုပ်ကိုင်နေကြတဲ့ စီးပွားရေးအခြေအနေများအထိ ခွဲခြားလို့မရတာ တွေ့ရှိနိုင်ပါတယ်။ မြန်မာနိုင်ငံသားတိုင်းဟာ မြန်မာနိုင်ငံအတွင်း မည်သည့်ချုပ်ချယ်ကန့်သတ်မှုမျိုးမှမပါဝင်ဘဲ လွတ်လပ်စွာ သွားလာနေထိုင်ခွင့်၊ လွတ်လပ်စွာကုန်စည်ကူးသန်း ရောင်းဝယ်ခွင့် ရရှိရမှာဖြစ်ပါတယ်။ သောင်းကျန်းသူအဖွဲ့တွေ ကြီးစိုးလာတာနဲ့အမျှ ဒီအခွင့်အရေးနဲ့ လွတ်လပ်ခွင့်တွေဟာ အလိုလိုဆုံးရှုံးလျက်ရှိပါတယ်။ ဒီလိုလူမျိုးနီးနွယ်တူညီမှု၊ ဘာသာစကားနီးနွယ် တူညီမှု၊ ရာဇဝင်အစဉ်အလာ၊ ယဉ်ကျေးမှုအစဉ်အလာတို့နဲ့ အညီအညွတ်ရှိမှုတို့ကို မထောက်ထားဘဲ သမိုင်းမှာမရှိခဲ့ဖူးတဲ့ ဒီလိုဆိုးရွားတဲ့ လူမျိုးစွဲဝါဒနဲ့ လူမျိုးရေးအမြင် ကျဉ်းမြောင်းတဲ့ လုပ်ရပ်မျိုးကို လုံးဝလက်ခံမှာလည်း မဟုတ်ပါဘူး။ ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသဟာ တရုတ်နိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေပြီး တစ်နိုင်ငံလုံးရဲ့ နယ်စပ်ကုန်သွယ်ရေး အဓိကဆောင်ရွက်ရာဒေသလည်း ဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံနဲ့ ကုန်စည်ကူးသန်းရောင်းဝယ်ရေးလမ်းကြောင်းပေါ်မှာ တည်ရှိတာကြောင့် ဒေသခံပြည်သူများဟာ ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းတွေရှိခဲ့ပါတယ်။ ဒါပေမယ့် သောင်းကျန်းသူတွေရဲ့ အကြမ်းဖက်တိုက်ပွဲဖော်ဆောင်မှုတွေကြောင့် လူမှုစီးပွားဘဝတွေ၊ ကလေးငယ်တွေရဲ့ ပညာရေးတွေ၊ လူငယ်လူရွယ်တွေရဲ့ အနာဂတ်ဘဝတွေဟာ ဘယ်လိုအိပ်မက်မှ မက်ခွင့်မရတော့ဘဲ ဆိတ်သုဉ်းရတော့မှာပဲ ဖြစ်ပါတယ်။ သောင်းကျန်းသူခေါင်းဆောင်တွေရဲ့ စစ်ဘုရင်ဝါဒတွေ ပြန်လည်ကြီးစိုးလာမှုနဲ့အတူ ဒီဒေသခံတွေဟာ ဟိုးယခင်က စစ်ဘုရင်ဝါဒကြီးစိုးခဲ့တဲ့ ဒေသတွေလို ဥပဒေမဲ့ အနိုင်ကျင့်ခံရမှုတွေ၊ တရားမဲ့သတ်ဖြတ်ခံရမှုတွေ၊ မှန်ကန်တဲ့ စီးပွားရေးလုပ်ငန်းတွေ နေရာမှာ မူးယစ်ဆေးဝါးနဲ့ လောင်းကစားလုပ်ငန်းတွေ၊ ပြောင်းနဲ့ကြံအစား ဘိန်းစိုက်ပျိုးရမှုတွေ၊ လူငယ်တွေဟာလည်း စာအုပ်နဲ့ဘောပင်အစား သေနတ်တွေ ကိုင်ရင်းနဲ့ ပြန်လည်ရှင်သန်ကြရတော့မှာလည်းဖြစ်ပါတယ်။ အလင်းထဲကနေ အမှောင်ထဲကို ပြန်ရောက်ရတော့မယ့်အခြေအနေလည်းဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့

*စာမျက်နှာ ၅ သို့*

> **❝ တရုတ် - မြန်မာ နယ်စပ်မှာရှိတဲ့ EAO နယ်မြေအချို့မှာ လက်နက်ခဲယမ်း မီးကျောက်စက်ရုံများ တည်ထောင်ထားပြီး လက်နက်များ၊ ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများ ထုတ်လုပ်နေတာကို သိရှိရပါတယ်။ အဲ့ဒီလက်နက်စက်ရုံတွေက ထုတ်လုပ်တဲ့ လက်နက်ခဲယမ်းတွေကို PDF အမည်ခံအကြမ်းဖက်သမားတွေနဲ့ အခြား EAO အဖွဲ့တွေကို ထောက်ပံ့တာတွေ၊ ရောင်းချတာတွေ ပြုလုပ်နေတာကို တွေ့ရှိရပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိတဲ့ လက်နက်တွေ၊ ခဲယမ်း အများစုဟာလည်း အဲ့ဒီစက်ရုံများက ထုတ်လုပ်တဲ့ လက်နက်ခဲယမ်းများ ဖြစ်တာကိုလည်း တွေ့ရှိရပါတယ်။ ဒီလိုလက်နက်ခဲယမ်း မီးကျောက်စက်ရုံများ ထူထောင်ဖို့ဆိုတာ သာမန်အခြေအနေနဲ့မရပါဘူး။ ငွေကြေးအင်အားနဲ့ နည်းပညာအင်အားများ များစွာလိုအပ်တာဖြစ်တာကြောင့် ဒီစက်ရုံတွေလည်ပတ်ဖို့ ငွေကြေးနဲ့ နည်းပညာအင်အား ဘယ်နေရာကရရှိတာလဲဆိုတာကိုလည်း ဆန်းစစ်သွားရမှာလည်း ဖြစ်ပါတယ်❞**

**❋ MNDAA၊ TNLA သောင်းကျန်းသူ ပူးပေါင်းအဖွဲ့တွေနဲ့ နောက်ကွယ်ကနေ အားပေးအားမြှောက်ပြုနေတဲ့ ပြည်တွင်းပြည်ပက လောက်ကောင်တွေနဲ့ချိတ်ဆက်ပြီး သူတို့ကို ခိုင်းစေတဲ့နိုင်ငံများရဲ့အလိုကျ မြန်မာပြည်သူလူထု စိတ်မချမ်းမသာဖြစ်အောင် အင်အားလျော့လာအောင် ဝါဒဖြန့်ချိတာတွေ လုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ်သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်**

**❋ မြန်မာပြည်ကြီး တည်ငြိမ်အေးချမ်းဖို့ အသက်၊ သွေးချွေးများ ရင်းနှီးပေးဆပ်ပြီး ကြိုးစားကာကွယ်ပေးကြတဲ့ ခေတ်အဆက်ဆက်က မြန်မာ့တပ်မတော်သားများနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနဲ့ မျိုးချစ်စိတ်ဓာတ်ရှိတဲ့ ပြည်သူများဟာ မြန်မာပြည်ကြီးရဲ့ ဦးဆောင်လမ်းပြတဲ့ သူရဲကောင်းတွေအဖြစ် အမြဲတည်ရှိနေမှာပါ။ အသိအမှတ်ပြု လေးစားအမှတ်ရနေမှာ ဖြစ်ပါတယ်။ မြန်မာ့တပ်မတော်သားတွေရဲ့ မှန်ကန်တဲ့စိတ်ဓာတ်၊ ဇွဲမာန်ပြင်းပြမှုတွေကြောင့် နိုင်ငံတော်မှာ လက်နက်ကိုင်အကြမ်းဖက်တဲ့ လမ်းစဉ် ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုအပြည့်နဲ့ ပြည်သူတို့ရဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုစီးပွားဘဝတွေ ပြန်လည်တိုးတက်မှုရရှိအောင် ဆောင်ရွက်ပေးသွားရမှာလည်းဖြစ်**

*စာမျက်နှာ ၄ မှ*
ဒီလိုအခြေအနေမျိုး ပြန်ရောက်ချင်ကြမှာ မဟုတ်ဘူးလို့ ကျွန်တော်ယုံကြည်ပါတယ်။ မြန်မာ့တပ်မတော်အနေနဲ့ ကျွန်တော်တို့ ပြည်သူတွေ ဒီလိုအခြေအနေမျိုး ရောက်မှာကိုလည်း လုံးဝခွင့်ပြုပေးမှာ မဟုတ်ပါဘူး။

**စီးပွားရေးအရ ကျဆင်းပြီး နိုင်ငံရဲ့ကာကွယ်ရေးအင်အား လျော့နည်းအောင် မိမိတို့နိုင်ငံအပေါ်မှာ စီးပွားရေးအရ ပိတ်ဆို့တာတွေ၊ ကောလာဟလသတင်းများ ဖြန့်တာတွေကို နည်းလမ်းမျိုးစုံနဲ့ လုပ်ဆောင်ခဲ့**

ဒီနေရာမှာ စီးပွားရေးနဲ့ပတ်သက်ပြီး အနည်းငယ်ပြောချင်ပါတယ်။ နိုင်ငံတစ်ခုရဲ့ စီးပွားရေးအင်အားတောင့်တင်းမှ ကျန်ရှိတဲ့ အင်အားများဟာလည်း ကောင်းမွန်လာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် စီးပွားရေးအရ ကျဆင်းပြီး နိုင်ငံရဲ့ကာကွယ်ရေးအင်အား လျော့နည်းအောင် မိမိတို့နိုင်ငံအပေါ်မှာ စီးပွားရေးအရ ပိတ်ဆို့တာတွေ၊ ကောလာဟလသတင်းများ ဖြန့်တာတွေကို နည်းလမ်းမျိုးစုံနဲ့ လုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒါတွေကို ကြိုးစားဖြေရှင်းဆောင်ရွက်ပြီး နိုင်ငံ့စီးပွားတိုးတက်အောင် ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံ့စီးပွားကောင်းမွန်စေဖို့အတွက် ထုတ်ကုန်များစွာ လိုအပ်တာကြောင့် ကုန်ထုတ်လုပ်ငန်းများ၊ ပို့ကုန်များ ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားကြရမှာလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် အဓိကကျပြီး လက်ဆုပ်လက်ကိုင်ရှိနေတဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အခြေခံတဲ့ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ဆောင်ရွက်ကြဖို့ ပြောကြားလိုပါတယ်။

**ဘုံရန်သူအဖြစ်သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာ မဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်**

ရှမ်းပြည်နယ်မြောက်ပိုင်းအခြေအနေနှင့်ပတ်သက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေနဲ့ လက်ရှိနေရာများရဲ့လုံခြုံရေးနဲ့ လာရောက်ခိုလှုံနေတဲ့ ပြည်သူများ ဘေးအန္တရာယ်ကင်းရေးကို ဦးစားပေးစဉ်းစားပြီး ဆုတ်ခွာခဲ့ရတာလည်းရှိပါတယ်။ ဒါကို MNDAA၊ TNLA သောင်းကျန်းသူ ပူးပေါင်းအဖွဲ့တွေနဲ့ နောက်ကွယ်ကနေ အားပေးအားမြှောက်ပြုနေတဲ့ ပြည်တွင်းပြည်ပက လောက်ကောင်တွေနဲ့ချိတ်ဆက်ပြီး သူတို့ကိုခိုင်းစေတဲ့နိုင်ငံများရဲ့အလိုကျ မြန်မာပြည်သူလူထု စိတ်မချမ်းမသာဖြစ်အောင် အင်အားလျော့လာအောင် ဝါဒဖြန့်ချိတာတွေ လုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ လက်နက်ကိုင် ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ်သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြန်မာပြည်ကြီး တည်ငြိမ်အေးချမ်းဖို့ အသက်၊ သွေး ချွေးများ ရင်းနှီးပေးဆပ်ပြီး ကြိုးစားကာကွယ်ပေးကြတဲ့ ခေတ်အဆက်ဆက်က မြန်မာ့တပ်မတော်သားများနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနဲ့ မျိုးချစ်စိတ်ဓာတ်ရှိတဲ့ ပြည်သူများဟာ မြန်မာပြည်ကြီးရဲ့ဦးဆောင်လမ်းပြတဲ့ သူရဲကောင်းတွေအဖြစ် အမြဲတည်ရှိနေမှာပါ။ အသိအမှတ်ပြု လေးစားအမှတ်ရနေမှာ ဖြစ်ပါတယ်။ မြန်မာ့တပ်မတော်သားတွေရဲ့ မှန်ကန်တဲ့စိတ်ဓာတ်၊ ဇွဲမာန်ပြင်းပြမှုတွေကြောင့် နိုင်ငံတော်မှာ လက်နက်ကိုင်အကြမ်းဖက်တဲ့ လမ်းစဉ်ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုအပြည့်နဲ့ ပြည်သူတို့ရဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုစီးပွားဘဝတွေ ပြန်လည်တိုးတက်မှုရရှိအောင် ဆောင်ရွက်ပေးသွားရမှာလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာ့တပ်မတော်ဟာ မြန်မာပြည်ကြီး လွတ်လပ်ရေးရရှိဖို့အတွက် ပြည်သူထဲက ပေါက်ဖွားလာတဲ့ အမျိုးသားရေးစိတ်ဓာတ်အပြည့်ရှိပြီး စွန့်လွှတ်အနစ်နာခံမယ်ဆိုတဲ့စိတ် တစ်ခုတည်းနှင့်သာ မျိုးချစ်လူငယ်များနဲ့ စတင်တည်ထောင်ခဲ့တဲ့ တပ်မတော်ဖြစ်ပါတယ်။ ဒီတပ်မတော်ကပဲ အခက်အခဲအမျိုးမျိုးကြားကနေ ပြည်သူတစ်ရပ်လုံးရဲ့ အားပေးထောက်ခံမှုနဲ့ နိုင်ငံတော်တစ်ခုလုံးရဲ့ လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့ပါတယ်။ ယခုအချိန်မှာလည်း ရှေ့တန်းစစ်မျက်နှာ အသီးသီးမှာ နိုင်ငံတော်ကာကွယ်ရေး တာဝန်တွေကို ရှုပ်ရှုပ်ချွံချွံ ထမ်းဆောင်နေကြတဲ့ တပ်မတော်သားတွေကို နိုင်ငံချစ်စိတ်ရှိသည့် ပြည်သူလူထုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများက စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများ၊ အားပေးစာများကို တစ်ခဲနက် ဆောင်ရွက်ပေးနေကြတာကိုလည်း အားရဖွယ်ရာတွေ့ရပါတယ်။ အလားတူ တည်ငြိမ်အေးချမ်းမှုကိုလိုလားတဲ့ နိုင်ငံရေးပါတီများနဲ့ ပြည်သူ့အဖွဲ့အစည်းအသီးသီးက အကြမ်းဖက်လုပ်ရပ်တွေကို ကန့်ကွက်ရှုတ်ချတာ၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အရင်းခံပြီး Volunteer ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများက တပ်မတော်နှင့်နိုင်ငံတော်ကို ဝိုင်းဝန်းပြောဆို ထောက်ခံအားပေးနေတာကိုလည်း တွေ့ရှိရပါတယ်။ နိုင်ငံတော်အစိုးရနဲ့ တပ်မတော်အနေနဲ့ ယခုလိုဆောင်ရွက်ပေးမှုများအတွက် အထူးကျေးဇူးတင်ရှိကြောင်းနှင့် ခွန်အားများဖြစ်ပေါ်ရသည်ကိုလည်းပြောကြားလိုပါတယ်။ တပ်မတော်အနေနဲ့ ခေတ်အဆက်ဆက်မှာ ရရှိပြီးသား လွတ်လပ်ရေးကြီး တည်တံ့နေဖို့၊ ပြည်ထောင်စုကြီး တည်တံ့နေဖို့ ပြည်သူ့ရှေ့ကနေ မားမားမတ်မတ်ရပ်တည်ကာ ကာကွယ်စောင့်ရှောက်ပေးခဲ့တာ ဒီနေ့အချိန်အထိလည်း ဖြစ်ပါတယ်။ ဒီနေ့ဒီအချိန်အခါမှာလည်း နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနဲ့ တည်ငြိမ်အေးချမ်းရေးတို့အတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေ ထမ်းဆောင်ရင်း ကျဆုံး၊ ပျောက်ဆုံး၊ ထိခိုက် ဒဏ်ရာရရှိခဲ့တဲ့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ရဲမေများ၊ မိသားစုဝင်များအတွက် များစွာ စိတ်မကောင်းဖြစ်ရပါတယ်။ သူတို့ရဲ့ စွန့်လွှတ်စွန့်စားမှုကို ဘယ်တော့မှမေ့ပျောက်ပစ်မှာ မဟုတ်ပါဘူး။ နိုင်ငံတော်အစိုးရ၊ တပ်မတော်အနေနဲ့ ချီးကျူးဂုဏ်ပြုခြင်းများ၊ ရရှိရမယ့်အခွင့်အရေးများနဲ့ ကူညီစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးသွားမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့တပ်မတော်သားတိုင်းဟာ ရှေးကလွတ်လပ်ရေးအတွက် အသက်ခန္ဓာ စွန့်လွှတ်ကာ တိုက်ပွဲဝင်ခဲ့ကြတဲ့ စစ်သည်တော်တွေလိုပဲ တန်ဖိုးရှိတဲ့ ပြည်သူ့သားကောင်း ရတနာတွေဖြစ်ကြောင်း ဂုဏ်ပြုပြောကြားလိုပါတယ်။ ကျွန်တော်တို့ ပြည်သူတွေအနေနဲ့လည်း ခေတ်အဆက်ဆက် ပေါ်ပေါက်လာတဲ့ ပြည်ပကျူးကျော်သူတွေနဲ့ ပြည်တွင်းသောင်းကျန်းသူ အမျိုးမျိုးရဲ့ဒဏ်ကို မြန်မာ့တပ်မတော်နဲ့လက်တွဲပြီး ကြံ့ကြံ့ခံ အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့ကြတဲ့ သူတွေပဲဖြစ်ပါတယ်။ တပ်မတော်နဲ့ ပြည်သူပူးပေါင်းပြီး ပြည်တွင်းပြည်ပအန္တရာယ်တွေကို ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြသလို ရင်ဆိုင်ကျော်ဖြတ်နိုင်စွမ်းလည်း ရှိကြပါတယ်။ ကျွန်တော်တို့ ပြည်သူတွေသတိပြုရမှာက ဒီနေ့ကမ္ဘာ့ရေးရာ အခြေအနေတွေဟာ အင်မတန်မှ နက်နဲရှုပ်ထွေးလာတာကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့နေစေဖို့ ကျွန်တော်တို့အားလုံး စည်းလုံးညီညွတ်ဖို့လိုပါတယ်။ စည်းလုံးညီညွတ်မှုအားနဲ့သာ ရင်ဆိုင်နိုင်မှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ခေတ်အဆက်ဆက် အသက်သွေးချွေးများ ရင်းနှီးပေးဆပ်ခဲ့တဲ့ မြန်မာ့တပ်မတော်နဲ့ မျိုးချစ်ပြည်သူများက ဦးဆောင်ဆင်နွှဲနေတဲ့ တရားသောစစ်အောင်မြင်ဖို့ ကျွန်တော်တို့ ပြည်သူအားလုံးက ယုံကြည်စွာနဲ့ ဝိုင်းဝန်းပေးကြဖို့လိုအပ်ပါတယ်။ တပ်မတော်နဲ့ မျိုးချစ်ပြည်သူလူထုရှိနေသမျှ မြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲရပါမယ်။ တည်တံ့ခိုင်မြဲအောင်လည်း လုပ်ဆောင်ပါမယ်။ စည်းလုံးသောအင်အားဖြင့် အမိနိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်ကြပါစို့ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ကြို့ကုန်းငါးလုပ်ငန်းသင်တန်းကျောင်း၌ အခြေခံငါးဖမ်းကိရိယာနှင့် ငါးဖမ်းနည်းစနစ်များဆိုင်ရာသင်တန်း ဖွင့်

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းသင်တန်းကျောင်း၌ အခြေခံငါးဖမ်းကိရိယာနှင့် ငါးဖမ်းနည်းစနစ်များဆိုင်ရာသင်တန်းကို ဩဂုတ် ၅ ရက်နံနက် ၉နာရီက ဖွင့်လှစ်ခဲ့သည်။



သင်တန်းတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ငါးလုပ်ငန်းသင်တန်းကျောင်း(ကြို့ကုန်း)မှ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကိုကိုက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးကြီးငွေက ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်း ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ငါးလုပ်ငန်းဦးစီးဌာနမှ ဌာနတွင်းဝန်ထမ်းခုနစ်ဦး၊ ရန်ကုန်တက္ကသိုလ်၊ သတ္တဗေဒဌာနမှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၃ဦး၊ ဒဂုံတက္ကသိုလ် သတ္တဗေဒဌာနမှ သင်တန်းသား သင်တန်းသူ ငါးဦး အပါအဝင် စုစုပေါင်း ၂၅ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။ သင်တန်းကို ငါးလုပ်ငန်းသင်တန်းကျောင်း(ကြို့ကုန်း) သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကိုကိုက သင်တန်းပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးရက်ကြာ ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇/ ၂၀၂၄) ကြိမ်မြောက် အစည်းအဝေးက လျှပ်စစ်သုံးမော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၅ ခုကို ခွင့်ပြု



နေပြည်တော် ဩဂုတ် ၅

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**လုပ်ငန်းအသစ် ၅ ခုကို ခွင့်ပြုပေး**

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၅ ခုကို ခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၄ သန်းနှင့် ကျပ် ၅၇၃၅၁ ဒသမ ၉၇၆ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၀၀၂ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခုအစည်းအဝေးက ခွင့်ပြုပေးသည့်လုပ်ငန်းများတွင် နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသည့် လျှပ်စစ်သုံးမော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းလည်း ပါဝင်သည်။

၂၀၂၄ ခုနှစ် ဇွန်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများသည် စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများအနေဖြင့် စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၅ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၁ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

**ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိ**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကို လည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၂/ ၂၀၂၄) သင်တန်းပို့ချနေမှုအား သွားရောက်ကြည့်ရှုအားပေး



မုံရွာ ဩဂုတ် ၅

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် တိုင်းဒေသကြီး ပညာရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသည့် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ်(၂/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက မုံရွာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (အလုံ) ရှိ ရွှေလုံခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှ ဟောပြောပို့ချသွားမည့် ဥပဒေအသိပညာများအား အလေးထားလိုက်နာမှတ်သားသွားကြရန်နှင့် မိမိတို့ကိုယ်တိုင်နားလည်သိရှိသွားသည့် ဥပဒေအသိပညာများအား မိမိပတ်ဝန်းကျင်၊ အသိမိတ်ဆွေများနှင့် မိသားစုများကို ပြန်လည်ဆွေးနွေး ပြောကြားသွားကြရန် လိုကြောင်း၊ ဟောပြောပို့ချမည့် တာဝန်ရှိသူများကလည်း သင်တန်းသား သင်တန်းသူများ နားလည်မှတ်သားလွယ်ကူအောင် ဟောပြောပို့ချသွားကြရန် လိုကြောင်း၊ မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း သင်တန်းအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးတို့က ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းပို့ချနေမှုအား ကြည့်ရှုအားပေးကြပြီး သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် တရားစီရင်ရေးအကြောင်းသိကောင်းစရာ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ရာဇသတ်ကြီး ၅၀၅-က၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေဘာသာရပ်များကို ဩဂုတ် ၅ ရက်မှ ၆ ရက်အထိ သင်တန်းသား သင်တန်းသူ ၁၅၀ အား ဟောပြောပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဇလွန် - ပျဉ်းမကုန်း - ရှမ်းစုလမ်းပေါ်ရှိ ရေတိုက်စားပျက်စီးခဲ့သည့် တံတားအား ယာယီသံပေါင် ဘေလီတံတား အစားထိုးတည်ဆောက်ပြီးစီး

ဇလွန် ဩဂုတ် ၅

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ကတော့ကရက်ကျေးရွာအုပ်စု ကတော့ကရက်ကျေးရွာအနီး ဇလွန်-ပျဉ်းမကုန်း-ရှမ်းစုလမ်း မိုင်တိုင်အမှတ် ၅ / ၅ - ၅/၆ကြားတွင်မိုးသည်းထန်စွာရွာသွန်း၍ မိုးရေတိုက်စားမှုကြောင့် တံတားအမှတ် (၁/၆) နိမ့်ကျပျက်စီးခဲ့သဖြင့် အများပြည်သူများ သွားလာရေးပြတ်တောက်မှုမရှိစေရေးအတွက် ယာယီသံပေါင်ဘေလီတံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြသည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အများပြည်သူများ သွားလာရေး ပြတ်တောက်မှုမရှိစေရေး အတွက် မြို့နယ်လမ်းဦးစီးဌာနမှ အရှည် ပေ ၄၀၊ အကျယ် ၁၆ ပေ Single Single အမျိုးအစားယာယီသံပေါင်ဘေလီတံတား ဆောက်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ (ဝဲပုံ)

**ဇလွန်(ပြန်/ဆက်)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၅

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အကြမ်းဖက်သောင်းကျန်းသူတွေကြောင့် စစ်ဘေးအပြင် သဘာဝဘေးပါ ကူညီသူမဲ့နေသောပြည်သူများ"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဆေးရုံရှိ ဆေးဝန်ထမ်းများ၊ ဆေးဝါးကုသနေတဲ့ လူနာများ၊ အမျိုးသမီးနှင့် ကလေးပါမကျန် ကြောက်မက်ဖွယ်လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၇၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့များက သဘောထားများထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၅**

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း တိုက်ပွဲများဖော်ဆောင်ပြီး စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင်တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အစမွဲဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထို့ပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရှိရသည်။

ယခုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု (War Crime) မြောက်သည့် လူမဆန်စွာရက်စက်ယုတ်မာ ရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထွန်စွာ ကန့်ကွက်ရှုတ်ချကြောင်းကို ယနေ့တွင် အသင်းအဖွဲ့များ ဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့တို့က သဘောထားများ အသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိ တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ပြီး၊ အချို့ကိုလည်း အစမွဲဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သတင်းကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိရပါသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ဆေးရုံအဆောက်အဦ နေရာများကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် တက်ရောက်ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ထိခိုက်သေဆုံးခဲ့ရမှုနှင့် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသောကြောင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိနေခြင်းတို့အပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို) အနေဖြင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)**

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိ တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အစမွဲဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ဆေးရုံအဆောက်အဦ နေရာများသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် တက်ရောက်ဆေးကုသမှု ခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရမှုနှင့် MNDAA အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများနေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသောကြောင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်းသိရှိရသဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်**

## မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများ၊ ဒရုန်းများ အသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးခဲ့ကြပါသည်။

၂။ အဆိုပါ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကြောင့် ဒေသခံအပြစ်မဲ့ပြည်သူများ၊ ထိခိုက်လွယ်အမျိုးသမီးများ၊ ကလေးသူငယ်များအပါအဝင် ဆေးရုံတက်ရောက်ကုသနေရသူအချို့ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရပါသည်။

၃။ စစ်ရေးပစ်မှတ်မဟုတ်သည့် လူနေအိမ်များအပါအဝင် ရပ်ကွက်များ၊ သာသနိကအဆောက်အဦများကိုလည်း အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ပစ်ခတ်ဖျက်ဆီးမှုများ ပြုလုပ်နေကြသည့်အတွက် ဒေသခံများမှာ နေရပ်စွန့်ခွာနေကြရပြီး အိုးအိမ်များ ဆုံးရှုံးနေရခြင်း၊ လူမှုဘဝများ ဆုံးရှုံးနေရသည့်အတွက် အကြမ်းဖက်သောင်းကျန်းသူများ၏ မဆင်မခြင် ပြုလုပ်တိုက်ခိုက်နေခြင်းအား မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ လုံးဝ(လုံးဝ)လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသမီးများနှင့်ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း**

## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိ တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အစမွဲဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သည့် ဆေးရုံအဆောက်အဦ နေရာများသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် တက်ရောက်ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရမှုနှင့် MNDAA အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသောကြောင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

## မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ် သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ် ၊ ဩဂုတ် လ ၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကို မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကိုလည်း ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်**

## မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိ စစ်ရေးနှင့် မသက်ဆိုင်သည့် လူနေရပ်ကွက်များ၊ ဒေသခံပြည်သူလူထုနှင့် လူနာများတက်ရောက်ဆေးကုသနေသည့် ဆေးရုံတို့အား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone များဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်းတို့ကြောင့် ပြည်သူများ အတိဒုက္ခရောက်ရှိခြင်း၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများကို တိုက်ခိုက်ခြင်းတို့ကြောင့် ထိခိုက်သေဆုံးခဲ့ရခြင်းနှင့် အချို့ကို လက်နက်ဖြင့် ခြိမ်းခြောက်ကာ မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ အကြမ်းဖက်တိုက်ပွဲဖော်ဆောင်မှုများကြောင့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးရခြင်း၊ အနာဂတ်အတွက် လူသားအရင်းအမြစ်များဖြစ်သည့် လူငယ်များ၏ပညာရေးနှင့် တိုင်းပြည်၏ အနာဂတ်အရေးအတွက် များစွာထိခိုက်ခြင်း၊ စစ်ကြောင့် ထိခိုက်ဒဏ်ရာရကာ မသန်စွမ်းဖြစ်ရခြင်း၊ ဒေသရှိ စစ်ဘေးဒုက္ခသည် မသန်စွမ်းသူများအနေဖြင့် အခြားသော စစ်ဘေးဒုက္ခသည်များထက် ပိုမိုထိခိုက်ရခြင်းကြောင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့အား မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်အနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်**

## မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ် သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခြင်းကို မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သောလုပ်ဆောင်မှုများကိုလည်း ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်**

## မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကို မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကိုလည်း ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ**

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုက်ပွဲဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးရကြောင်း ဝမ်းနည်းစွာကြားသိရပါသည်။

ပြည်သူလူထုအနေဖြင့် မည်သည့်နေရာဒေသ၊ မည်သည့်အခြေအနေတွင်မဆို ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားရမည်ဖြစ်ပါသည်။ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်ဆေးရုံကို တိုက်ခိုက်ခြင်းအား ဆန့်ကျင်ကန့်ကွက်ပါသည်။

မိခင်နှင့်ကလေးများအပါအဝင် လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအား ထိခိုက်မှုမရှိစေရေး၊ ဘေးကင်းလုံခြုံရေးအတွက် အထူးအလေးထားရှောင်ရှားပေးပါရန် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း**

## မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကို မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကိုလည်း ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**

## စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ ဝေါန်မြစ် ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၅**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ လေးပေကျော်ခန့် (၁၂၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇၀၀ စင်တီမီတာ) အထက်သို့ လေးလက်မခန့် (၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ) အထက်သို့ တစ်ပေကျော်ခန့် (၃၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ငါးပေခွဲခန့် (၁၆၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ သုံးလက်မခန့် (၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဝေါန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ သာပေါင်းမြို့နယ်၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

❒ *ကျောဖုံးမှ*

အိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချခြင်းကို ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့က ပူပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ဝယ်ယူမည့် အိမ်ထောင်စုများအနေဖြင့် နံနက် ၉ နာရီမှ ညနေ ၃ နာရီခွဲအတွင်း တနင်္လာနေ့မှ စနေနေ့အထိ(တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်မပါ) Call Center ဖုန်းနံပါတ် ၀၁-၂၃၉၉၂၂၂ (လိုင်းခွဲ ၇ လိုင်း) ခုသို့ ဆက်သွယ်ယူနိုင်ကြောင်းနှင့် မှာယူသူများ၏ နာမည်၊ ဖုန်းနံပါတ်၊ အိမ်လိပ်စာတို့ကို မှတ်သားထားပြီး ပစ္စည်းရောက်ငွေချေစနစ်ဖြင့်သာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

"စတင်ရောင်းချတဲ့နေ့မှာပဲ ဝယ်လိုအားများနေတဲ့အတွက် Call Center ဖုန်းလိုင်းခွဲ ခုနစ်လိုင်းကနေ ၁၀ လိုင်းအထိ တိုးပြီး လက်ခံဆောင်ရွက်ခဲ့ရပါတယ်။ ကျွန်တော်တို့ အခုအစပိုင်းမှာ နေ့စဉ်အိမ်ထောင်စု ၁၀၀၀ ကနေ ၁၂၀၀ ခန့် တစ်လကို အိမ်ထောင်စုသုံးသောင်းခန့် ဖြန့်ဝေသွားမှာပါ၊ အဆင်ပြေတယ်ဆိုရင် နေ့စဉ် အိမ်ထောင်စု ၁၈၀၀ ကနေ ၂၀၀၀ ခန့် တစ်လကို အိမ်ထောင်စုငါးသောင်းခန့် ဖြန့်ဝေပေးဖို့ စီစဉ်ထားပါတယ်။ အိမ်ထောင်စုတစ်စုလျှင် တစ်လအတွက် တစ်ကြိမ်လျှင် နှစ်ပိဿာနှုန်းဖြင့် ဖြန့်ဝေပေးသွားမှာပါ။ ဖြန့်ဝေတဲ့အခါမှာလည်း အကျိုးအမြတ်ကို ထည့်တွက်ထားခြင်း မရှိဘဲ ဘူးခွံနဲ့ ဘူးသွတ်ခကို ထည့်သွင်းတွက်ချက်ထားသည့်ဈေးနှုန်းဖြင့် ရောင်းချသွားမှာပါ၊ Delivery ခကို ဝယ်သူဘက်မှ ပေးချေရမှာဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်ဆိုရင် ငွေကျပ် ၂၀၀၀၊ စည်ပင်သာယာ နယ်နိမိတ်အပြင်ဘက်ဆိုရင် ငွေကျပ် ၂၅၀၀ ထက်မပိုတဲ့ ဈေးနှုန်းဖြင့် ပို့ဆောင်ပေးသွားမှာပါ။ ဖြန့်ဖြူးရောင်းချပေးတဲ့ စားအုန်းဆီတွေက နိုင်ငံခြားကနေ စတင်တင်သွင်းကတည်းက သတ်မှတ်စံချိန်စံနှုန်းများကို စစ်ဆေးထားသည့်အပြင် စားအုန်းဆီကန်များမှ FDA စစ်ဆေးပြီးခွင့်ပြုချက်ရပြီးတဲ့ဆီတွေကို ဖြန့်ဝေတာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီ အိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချရေးကော်မတီအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးပိုင်ဖြိုးသန့်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တွင် စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုအောက်တွင် စားအုန်းဆီတင်သွင်းသော ကုမ္ပဏီများက လက်လီ/ လက်ကားအရောင်းဆိုင်များမှတစ်ဆင့် လုပ်သားပြည်သူများသို့ နေ့စဉ်၊ လစဉ် စားအုန်းဆီများ ဖြန့်ဖြူးပေးလျက်ရှိရာ ဆီထုတ်ကိုယ်စားလှယ် ၁၄၂ ဦး၊ လက်ကားရောင်းချသူ ၄၀၁ ဦး၊ လက်လီရောင်းချသူ ၅၃၆၇ ဦးရှိပြီး ယခုဆောင်ရွက်သော အစီအစဉ်သည် နေ့စဉ်လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသူများနှင့် ရုံးလုပ်ငန်းလုပ်ကိုင်နေသူများအတွက် အဆင်ပြေစေရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# စာပေနှင့် နိုင်ငံတော်ကာကွယ်ရေး

*ကို(တက္ကသိုလ်)*

❑ **ပြည်ပကျူးကျော်ရန်သူ တရုတ်ဖြူကို တပ်မတော်က တွန်းလှန်ချေမှုန်းခဲ့သော ကြည်း-လေ တိုက်ပွဲစဉ်များကို မော်ကွန်းရေးထိုးထားသည့် ထီလာစစ်သူ၏ ‘မဲခေါင်မြစ်မှ အိုရှက်ဝါ’ ကဗျာစုတို့ကိုလည်း မေ့မထားသင့်ပါချေ။ အလားတူ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကဗျာတွေ အမြောက်အမြား ရှိကြပါသေးသည်။ ယင်းသို့ တိုင်းရင်းသားပြည်သူများ၏ နိုင်ငံတော်ကာကွယ်ရေးစိတ်ဓာတ်ကို လှုံ့ဆော်ပေးရာဝယ် ကဗျာစာဆိုများနည်းတူ ဝတ္ထုစာဆိုများဘက်ကလည်း တာဝန်ကျေပွန်ခဲ့ကြ**

❍ **ခေတ်အဆက်ဆက်မှ ကဗျာ၊ ဝတ္ထုစာပေမျိုးသည် မြန်မာစာပေလောကတွင် အင်နှင့်အားနှင့်၊ ထုနှင့်ထည်နှင့် တစ်တပ်တစ်အားရှိနေသင့်သည်ဟု ယုံကြည်ပါသည်။ ၎င်းတို့က စာဖတ်သူ၏ရင်ဝယ် မျိုးချစ်စိတ်၊ စွန့်စားလိုစိတ်၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်လိုစိတ်တို့ အညွန့်အညှောက် ထွက်ပြူလာအောင် မျိုးစေ့ချပေးပါသည်**

စာဆိုတို့သည် မိမိတို့ပိုင်ဆိုင်ထားသော စာပေစွမ်းအင်ဖြင့် ပြည်သူတို့ မျိုးချစ်စိတ်ဓာတ်ထက်သန်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ခေတ်အဆက်ဆက် ရေးသားဖွဲ့ဆိုပေးခဲ့ကြပုံကို စာပေသမိုင်းကြောင်းမှ အနည်းငယ် ကောက်နုတ်ဖော်ပြလိုပေသည်။

သက္ကရာဇ် ၇၀၄ ခုနှစ်တွင် နန်းတက်သော မြင်စိုင်း ငါးစီးရှင်ကျော်စွာ လက်ထက်၌ အာရှတိုက် အလယ်ပိုင်းမှ တာတာတို့သည် မြင်စိုင်းမြေကို ထိပါးကျူးကျော်လာသဖြင့် နယ်ချဲ့ခုခံရေးစစ်ပွဲကြီး ပေါ်ပေါက်လာလေသည်။ မြင်းစီးအတတ်နှင့် မြားပစ်အတတ်တို့တွင် တစ်ဖက်ကမ်းခတ်သည့် တာတာစစ်သည်များကို ရင်ဆိုင်ဝံ့သည့် ပင်းယခေတ် မြင်စိုင်းသားတို့သတ္တိကား အံ့သြချီးမွမ်းဖွယ်ကောင်းလှ၏။ ယင်းစစ်ပွဲ၌ လယ်တွင်းဆယ့်တစ်ခရိုင်သားတို့ကို စစ်သွေးစစ်မာန်ဆူဝေအောင် ငါးစီးရှင်ကျော်စွာက စည်းရုံးနိုင်ခဲ့လေသည်။ သူ၏ စည်းရုံးရေးလက်နက်ကား . . . .

“မြားမိုးရွာသည်၊ ဖြိုင်ဖြိုင်လော - ဖြိုင်ဖြိုင်။
လင်းပြင်ပြည့်မျှ၊ ငှက်လင်းတ
လတိုင်းလော၊ လတိုင်း - လတိုင်း။
မြင်းသည် သိန်းသန်း၊ များစွာလွန်းသည်
ထက်ဝန်းရံသ၊ မနိုင် - မနိုင်” . . . . အစချီ ကာချင်းကဗျာပင်တည်း။

ကာချင်းကဗျာကို သီဆိုလည်း သီဆို၊ ကာ(ဒိုင်း)နှင့် လက်နက်ကို တစ်ဖက်တစ်ချက်စီ စွဲလည်းစွဲကိုင်၍ ကာကသည်ကို မြင်ရလျှင် စစ်သွေးစစ်မာန် တက်ကြွလာပေသည်။ ထို့ကြောင့် မြင်စိုင်းပင်းယခေတ် ကာချင်းများသည် တာတာနယ်ချဲ့တိုက်ထုတ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်လာအောင် နိုင်ငံကာကွယ်ရေးစိတ်ဓာတ်ကို လှုံ့ဆော်ပေးသည့် ပြည်သူ့စစ်ကြွေးကြော်သံကဗျာများဟု ဆိုချင်ပါသည်။

**ယနေ့ထက်တိုင်တပ်မတော်သားတို့ကိုစိတ်ဓာတ်မြှင့်တင်ပေး**

ကုန်းဘောင်ခေတ် တတိယမြန်မာနိုင်ငံကို စုစည်းပျိုးထောင်နိုင်ခဲ့သော အလောင်းမင်းတရားကြီး၏ စစ်ဆင်စစ်နည်း အတတ်ပညာများကို လက်ဝဲသုန္ဒရအမတ်ကြီးက သေနင်္ဂဗျူဟာပျို့၊ ဗျူဟာစက္ကိပျို့တို့ဖြင့်လည်းကောင်း၊ စစ်ပညာအပြင် စစ်သူကြီးကျင့်ဝတ်၊ စစ်သည်တော်ကျင့်ဝတ်၊ မြို့စောင့်ပြည်စောင့်တာဝန်၊ လုံ့လဝီရိယနှင့် ပတ်သက်သောအချက်များကို နန္ဒီသေနပျို့ဖြင့်လည်းကောင်း မှတ်တမ်းတင်ရေးဖွဲ့ခဲ့လေသည်။ ၎င်းပျို့ကဗျာများသည် ယနေ့ထက်တိုင်အောင် တပ်မတော်သားတို့ကို လမ်းညွှန်လမ်းပြပြုဆဲ၊ စိတ်ဓာတ်မြှင့်တင်ပေးဆဲဖြစ်သည်။ ကြည့်ပါ . . . .။

“သူ့တပ်တို့တပ်၊ စစ်မြေရပ်ဝယ်၊ ကြပ်ကြပ်တည်းတည်း၊ စည်းစည်းရုံးရုံး၊ နှလုံးမတွန့်၊ စိတ်လိုလွန့်လျက်၊ သက်စွန့်များသူ၊ နိုင်မြဲဟူလော့၊ လူတို့မှတ်ရီး၊ စစ်မက်ထိုးသော်၊ အားကြိုးတင်းတင်း၊ လူချင်းချင်းကို၊ ဘယ်မင်းဖက်ပြိုင်၊ ဘယ်တပ်ဆိုင်အံ့၊ သူ့နိုင်ငံသား၊ သံမှုနို့စားမှ၊ တို့ဓားတုံးမည်၊ မှတ်တော်တည်လော့” ဟုလည်းကောင်း၊ “မြိုင်ဝေတောကြီး၊ ဤခရီးဝယ်၊ ချည်းနှီးသက်သက်၊ သေသော့ထက်ကား၊ ဆက်လက်တညီ၊ တစီတလျှဉ်၊ သားစဉ်မြေးမြစ်၊ ပြောထုံးဖြစ်အောင်၊ တစစ်တမက်၊ ကိုယ်နှင့်သက်ကို၊ နှင်းဆက်တိုက်မည်၊ အားသန်ရည်၍၊ ဦးလည်မသုန်၊ ထမ်းပါကုန်လော့” ဟုလည်းကောင်း စပ်ဆိုရေးဖွဲ့ထားပုံတို့မှာ ရန်သူမရွေး၊ မတွန့်မဆုတ် ရင်ဆိုင်တိုက်ခိုက်ချေမှုန်းလိုစိတ်၊ နောင်ဥဒါန်းတွင်ရစ်အောင် တိုက်ပွဲဝင်ရင်း အသက်နှင့်ခန္ဓာကိုယ် စွန့်လွှတ်ပေးလှူလိုစိတ်များ တဖွားဖွား ပေါ်ပေါက်လာစေပါသည်။

တစ်ဖန် ဆီးဘန်နီဆရာတော်၏ “ထီးသုဉ်း နန်းသုဉ်း၊ မြို့သုဉ်း သုည၊ သုဉ်းသုံးဝဖြင့်၊ သုံးရပြန်လှစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရပေ၊ တို့တစ်တွေသည်၊ သေသော်မှတည့် ဩော်ကောင်း၏” ဟူသော ကဗျာထွာညို၊ စာတစ်တိုကလည်း သူ့ကျွန်မခံလိုသောစိတ်ကို သွတ်သွင်းပေးသည်။

မျက်မှောက်ခေတ် ကဗျာစာပေတွင်လည်း အလားတူ တွေ့ရှိနိုင်ပါသည်။ ဆရာဇော်ဂျီ၏ **‘ရွေးခေတ်ပုဂံပြည်’** ကဗျာ၌ ရှေ့တန်းပြန် ကြိုဆိုပွဲတွင် သားစစ်သည်နှင့် မိခင်တို့ တွေ့ဆုံခန်းကို ဆရာက ဤသို့ခြယ်မှုန်းထားသည်။

“လာစမ်းဟဲ့ မေ့သား၊ အမယ်မင်း ထွားလိုက်တာ၊ စစ်သားကြီးလုံးလုံး၊ ဗိုလ်မှူးကြီးရှုံးလောက်ရဲ့၊ ပခုံးနဲ့လက်ပြင်၊ ကြောခြင်ကသံချောင်း၊ တစ်နှစ်တွင်းမှာ ချက်ချင်းပဲပြောင်းရော့။ ”

“ကောင်းလိုက်ပေ့ မေ့သား၊ ဤဇမ္ဗူရှားလောက်ရဲ့၊ မယ်ဘွားမှာလေ၊ ပန်းသပြေနှင့်၊ ညောင်ရေသွန်းလောင်း၊ ပြည်ကြီးရှင် အနိုင်ရလို့၊ ငှါသားလှ ပြန်လာကြောင်းကို၊ နေ့တိုင်းပဲတောင်းရတယ် . . . .။”

“အမယ် မမ၊ သားလှတွက်တာ၊ နောင်များဖြင့်ပူပါနဲ့။”

“ပုဂံမှာမွေး၊ ပုဂံသွေးမို့၊ အလေးမမူ၊ အသက်ပင်လှူခဲ့ပေ့ါ။ ပြည်သူသက်စွန့်၊ လက်ရုံးအင် သည်တအားနဲ့၊ ဘယ်တိုင်းခြားဝံ့မတုံး...”

သားအမိစကားသံတွင် ဇာတိမာန်လွှမ်းနေသည်။ မိခင်သည် သားစစ်သည်အတွက် ဂုဏ်ယူ၏။ မိခင်တို့ မေ့မှာမို့လည်း စိုးရိမ်၏။ သို့သော် စိုးရိမ်သဖြင့် တာဝန်ကို မတားမြစ်။ စစ်ပွဲအောင်စေကြောင်းနှင့် သားဘေးကင်းစေကြောင်း ဆုသာတောင်း၏။ သားကလည်း မပူဖို့ (နောင်မပူဖို့) ပြောသည်။ သူဆက်ပြီး စစ်ထွက်ပေဦးမည်။ ပုဂံအတွက် အသက်စွန့်လွှတ်ပြီး ကာကွယ်ရေးတာဝန်ယူပေဦးမည်။ ပြည်သူ့အားကို ဘယ်တိုင်းခြားရန်သူ ယှဉ်ဝံ့မတုံးဟု ကြုံးဝါးသည်။ နိုင်ငံတော်ကာကွယ်ရေးစိတ်ဓာတ်၊ ကိုယ့်ရပ်ကိုယ့်မြေကို ချစ်မြတ်နိုးရမည့် စိတ်ဓာတ်တွေ၊ လူကြီးလူငယ်မရွေး ရှင်သန်နိုးထလာအောင် လှုံ့ဆော်နိုးဆွပေးနိုင်စွမ်းပါတကားဟု ခံစားရသည်။

ပြည်ပကျူးကျော်ရန်သူ တရုတ်ဖြူကို တပ်မတော်က တွန်းလှန်ချေမှုန်းခဲ့သော ကြည်း-လေ တိုက်ပွဲစဉ်များကို မော်ကွန်းရေးထိုးထားသည့် ထီလာစစ်သူ၏ **‘မဲခေါင်မြစ်မှ အိုရှက်ဝါ’** ကဗျာစုတို့ကိုလည်း မေ့မထားသင့်ပါချေ။ အလားတူ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကဗျာတွေ အမြောက်အမြားရှိကြပါသေးသည်။ ယင်းသို့ တိုင်းရင်းသားပြည်သူများ၏ နိုင်ငံတော်ကာကွယ်ရေးစိတ်ဓာတ်ကို လှုံ့ဆော်ပေးရာဝယ် ကဗျာစာဆိုများနည်းတူ ဝတ္ထုစာဆိုများဘက်ကလည်း တာဝန်ကျေပွန်ခဲ့ကြပါသည်။

**လိမ္မာပါးနပ်စွာရေးဖွဲ့ထားသောဝတ္ထုများ**

လွတ်လပ်ရေးမရမီ ကိုလိုနီခေတ်က ဆရာကြီးမဟာဆွေသည် **“တို့မေမေ”**၊ **“သူပုန်ကြီး”**၊ **“စစ်ထွက်သူ”**၊ **“သူပုန့်အိမ်”** ဝတ္ထုများကို ရေးခဲ့လေသည်။ ထိုဝတ္ထုများသည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတို့ကို သွယ်ဝိုက်သောနည်းဖြင့် လိမ္မာပါးနပ်စွာ ရေးဖွဲ့ထားသော ဝတ္ထုများဖြစ်ပြီး တိုင်းရင်းသားပြည်သူများရင်ဝယ် ကိန်းအောင်းနေသော မျိုးချစ်စိတ်မီးကို ငြိမ်းသေမသွားစေဘဲ တငွေ့ငွေ့လောင်မြိုက်နေရာမှ အရှိန်ကောင်းလာအောင် ဖန်တီးနိုင်စွမ်းရှိခဲ့သည်။

ဂျပန်ခေတ်တွင် မင်းဆွေ၏ **“ဓား”** ဝတ္ထုထွက်ပေါ်လာသည်။ မင်းကြီးရန်နောင်၏ အနွယ်တော် မျိုးမြင့်ရန်နောင်၊ ဗြိတိသျှနယ်ချဲ့လက်ပါးစေ စုံထောက်အရာရှိ ကိုမြဒင်၊ မိန်းမချောလေး မြင့်မြင့်တို့၏ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းဖြစ်သော်ငြားလည်း ဦးတည်ချက်မှာ အမျိုးသားရေးစိတ်ဓာတ်နှင့် မဟုတ်မခံ ရဲရဲတောက်စိတ်ဓာတ်တို့ကို ပျိုးထောင်ပေးရန်ဖြစ်သည်။ “အိမ်ရှင်ကို ဧည့်သည်မစော်ကားရ” ဆိုသော မျိုးမြင့်ရန်နောင်၏စကားမှာ သူ့ခေတ်၊ သူ့အခါနှင့် လိုက်ဖက်လှပြီး အဓိပ္ပာယ်လေးနက်သလောက် စာဖတ်သူ၏ရင်ဝယ် စွဲငြိကျန်ရစ်ခဲ့ပါသည်။

ထို့နောက် ရှမ်းစစ်ကဲကြီး၏သမီး စောရင်ဦး၊ မြန်မာတပ်မှူးကလေး ဗိုလ်သူရိန်စသော ရှမ်း မြန်မာဇာတ်ကောင်များဖြင့် ရေးဖွဲ့ထားသည့် တက္ကသိုလ်ဘုန်းနိုင်၏ **“သူ့ကျွန်မခံပြီ”** ရာဇဝင်နောက်ခံဝတ္ထုကို ဆက်လက်တင်ပြလိုပေသည်။ သီပေါမင်း ပါတော်မူခါနီး အချိန်ကာလကို နောက်ခံထားလျက် အမျိုးဘာသာ၊ သာသနာအတွက် စွန့်လွှတ်စွန့်စားကြသော ရှမ်းမြန်မာအမျိုးသား အမျိုးသမီး သူရဲကောင်းတို့၏ လှုပ်ရှားမှုကို ခြယ်မှုန်းထားသည်မှာ ဇာတိမာန်တက်ကြွဖွယ်ကောင်းလှ၏။ နယ်ချဲ့ပရိယာယ်နှင့် အသားထဲက လောက်ထွက်သူတို့၏ သစ္စာဖောက်ပုံ၊ ယုတ်မာပုံ၊ အကြံပက်စက်ပုံတို့ကလည်း နာကြည်းခံပြင်းဖွယ်ပင်။ ဝတ္ထုအဆုံးတွင် နတ်မောက်ဆီက ထွန်းတက်လာသော ကြယ်တစ်ပွင့်ဆီသို့ မြင်းဇက်ကုန်လွှတ်ကာ တစ်ဟုန်ထိုး စိုင်းနှင်သွားသည့် ဗိုလ်သူရိန်တို့နှင့်အတူ စာဖတ်ပရိသတ်ကို တစ်ပါတည်းခေါ်ဆောင်သွား၏။ ဗိုလ်သူရိန်၊ ဗိုလ်ကျော်ခေါင်တို့၏ မပြီးဆုံးသေးသော နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုက စာဖတ်သူ၏ မျိုးချစ်စိတ်ကို နှိုးဆွပေးနိုင်စွမ်းရှိသည်ဟု ခံစားရ၏။

**အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု**

မြန်မာပြည်မြောက်ဖျားဆီမှ လဖိုင်လ၊ ဘကြီးမုံး၊ မဇျိုင်းဖြူ၊ ရွှေနီ၊ ရွှေဝါ၊ မဂမ်ဘောင်ယမ်း၊ မခေါင်ညယ်၊ မောင်မျိုး၊ နန်းရင် စသည့် ရှမ်း၊ ကချင်တော်လှန်ရေးသမားတို့၏ ဖွဲ့သတ္တိနှင့် မျိုးချစ်စိတ်၊ သူ့ကျွန်မခံလိုသောစိတ်ကို နတ်နွယ်၏ “မြန်မာပြည်မြောက်ပိုင်း” ဝတ္ထုကြီးတွင် တွေ့ရသည်။ အသားဖြူတို့သည် တောင်တန်းဒေသ၊ နယ်ခြားဒေသမှ မျိုးချစ်တိုင်းရင်းသားတို့၏ နိုင်ငံချစ်စိတ်ကို လွယ်လင့်တကူ မချိုးနှိမ်နိုင်။ အင်မိုင်ခ၊ မလိခမြစ်ဝှမ်းမှ ကချင်မျိုးချစ်များ၊ မိုးညှင်း၊ မိုးကောင်းတစ်ဝိုက်မှ ရှမ်းမျိုးချစ်များ၊ မြန်မာမျိုးချစ်များ စုပေါင်းဆင်နွှဲခဲ့သော အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုသည် မော်ကွန်းတင်ရစ်ခဲ့သော သမိုင်းဝင်လှုပ်ရှားမှုဖြစ်၏၊ ဤလှုပ်ရှားမှုကို ဝတ္ထုအသွင်သို့ပြောင်းရာဝယ် လဇျာဂမ်း၊ ဒိန်းခန်ဒီး၊ လူကြီး၊ နန်းခင်၊ ကြံကောင်းတို့၏ အမူအကျင့်၊ စရိုက်၊ စိတ်ထား၊ အတွေးအခေါ်တို့မှာ စက်ဆုပ်ဖွယ်၊ လက်မခံနိုင်ဖွယ်ဖြစ်ပြီး ဘကြီးမုံး၊ လဖိုင်လ၊ မဇျိုင်းဖြူတို့၏ စိတ်ဓာတ်နှင့် လုပ်ရပ်မှာမူ ချီးကျူးဖွယ်၊ အားကျဖွယ်၊ အတုယူဖွယ်ကောင်းလှတော့သည်။ အထူးသဖြင့် “နိဗ္ဗာန်ရောက်မယ်ဆိုရင်တောင် ကျွန်ဘဝကနေတော့ မရောက်ချင်ဘူး။ သခင်ဘဝကပဲရောက်ချင်တယ်”ဆိုတော့ အသက်ရှစ်ဆယ်ကျော်အရွယ် ဘကြီးမုံး၏ ပြင်းထန်အားကောင်းလှသော စကားလုံးများက စာဖတ်သူ၏တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်း ထသွားစေပါတော့သည်။

ဒါတင်မကသေးပါ။ တရုတ်ဖြူတိုက်ထုတ်ရေး၊ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးတို့ကို ဦးတည်ရေးဖွဲ့ထားသော ဗိုလ်မြင့်၏ စစ်ဝတ္ထုစစ်စစ်များဟုဆိုရမည့် **“ငွေကြယ်ပွင့်တို့ ကြွေလေရာ”**၊ **“တိုက်ကင်း”**၊ **“တပ်စခန်းတစ်နေရာဝယ်”**တို့ကလည်း လူငယ်လူရွယ်တို့၏ စစ်စိတ်စစ်သွေးကို တက်ကြွစေခဲ့၏။ စွန့်လွှတ်စွန့်စားစိတ်ကို သန္ဓေတည်စေခဲ့၏။ ကျွန်တော်တို့ခေတ်က တပ်မတော်ထဲရောက်လာကြသော လူငယ်လူရွယ်တို့အနက် အများစုမှာ ဤဝတ္ထုများကြောင့် စစ်မှုထမ်းဘဝသို့ ကူးပြောင်းရောက်ရှိလာခဲ့ကြသည်ဟု ထင်ပါသည်။

ယခုတင်ပြခဲ့သော ခေတ်အဆက်ဆက်မှ ကဗျာ၊ ဝတ္ထုစာပေမျိုးသည် မြန်မာစာပေလောကတွင် အင်နှင့်အားနှင့်၊ ထုနှင့်ထည်နှင့် တစ်တပ်တစ်အား ရှိနေသင့်သည်ဟု ယုံကြည်ပါသည်။ ၎င်းတို့က စာဖတ်သူ၏ရင်ဝယ် မျိုးချစ်စိတ်၊ စွန့်စားလိုစိတ်၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်လိုစိတ်တို့ အညွန့်အညှောက်ထွက်ပြူလာအောင် မျိုးစေ့ချပေးပါသည်။ ထိုမျိုးစေ့မှ ထွက်ပေါ်လာသော အညွန့်အညှောက်ကလေးတွေ ဆက်လက်ရှင်သန်ကြီးထွားလာအောင် စာပေစွမ်းအင်ဖြင့် စာဆိုတို့က တစ်ဖက်တစ်လမ်းမှ ဖန်တီးပေးနိုင်ပါသည်။ ။

# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၄)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် ဩဂုတ် ၅

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ သင်တန်းဖွင့်ပွဲများပြုလုပ်ကြပြီး သင်တန်းဖွင့်ပွဲများတွင်သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစဉ်။ (အပေါ်ပုံနှင့် အောက်ယာပုံ)

**ရင်းရင်းနှီးနှီး**
**နှုတ်ဆက်အားပေး**

အဆိုပါ သင်တန်းကျောင်းများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)ကို ၂၀၁၉ ခုနှစ် ဧပြီ ၈ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့ သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော် ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။

**နိုင်ငံ့တာဝန်များကို**
**ဂုဏ်ယူစွာထမ်းဆောင်**

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံ့တာဝန်များကိုဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလို ကြားသိရပါသည်။

"ကျွန်တော်ကတော့လားရှိုးတက္ကသိုလ်ကောလိပ်ကနေပြီးတော့မှ ဘူမိဗေဒဘာသာနဲ့ ဘွဲ့ဒီဂရီကို ရရှိထားတဲ့သူ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ လူမျိုးကတော့ အဖေက ဝ ဖြစ်ပြီးတော့ အမေက ကချင်လူမျိုးဖြစ်ပါတယ်။ ကပြားတိုင်းရင်းသားကြီးဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းရန်အတွက် တပ်ကိုရောက်ရှိတဲ့ အချိန်မှာ ကျွန်တော်တို့ကို လိုလေသေးမရှိအောင် နွေးထွေးပျူငှာစွာ ကြိုဆိုလျက်ရှိတာကိုလည်း ကျွန်တော်တို့ တွေ့မြင်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း ဂုဏ်ယူမိပါတယ်။

"ကျွန်တော် ဒီလိုတပ်မတော်ထဲကို ဝင်ရတဲ့ခံယူချက်ကတော့ ကျွန်တော်တို့ရဲ့နိုင်ငံဟာ အခုဆိုရင် ပြည်ပရန်ရော၊ ပြည်တွင်းကသောင်းကျန်းသူရော အမြင်မတူတဲ့လှုပ်ရှားသူတွေနဲ့ ဆူပူနေတဲ့ အချိန်ဖြစ်တဲ့အတွက် ကျွန်တော်တို့က ကိုယ့်အိမ်မှာကိုယ်နေပြီးတော့မှ ဒီအတိုင်းထိုင်နေမယ့်အတူတူ တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာ ကနေပြီးတော့ တာဝန်ထမ်းဆောင်ရမယ် ဆိုတဲ့စိတ်နဲ့ ကျွန်တော်ဝင်ရောက်လာခြင်း ဖြစ်ပါတယ်။ အခုလိုမျိုး စစ်မှုထမ်းဥပဒေ ထုတ်ပြန်တာကတော့ ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့ လူငယ်တိုင်း စည်းကမ်းတကျနဲ့ နေထိုင်နိုင်မယ်။

*စာမျက်နှာ ၁၁ သို့*





ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၄) သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းတစ်ခု၌ သင်တန်းကျောင်းအုပ်ကြီးက အမှာစကားပြောကြားစဉ် (အပေါ်ပုံ)နှင့် သင်တန်းသားများအား ကျွေးမွေးဧည့်ခံမှုကို တွေ့ရစဉ်။ (အောက်ပုံ)









ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄)မှ သင်တန်းသားများ။

# ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း ကရင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများကို တွေ့ဆုံအားပေး၊ ထောက်ပံ့ပစ္စည်းများပေးအပ်



**နေပြည်တော် ဩဂုတ် ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးတို့သည် ယနေ့နံနက်ပိုင်းက ပြည်နယ်အတွင်း သဘာဝဘေးဒဏ်သင့်ပြည်သူများကို တွေ့ဆုံအားပေး၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် မြိုင်ကြီးငူနန်းဦးဘေးမဲ့တောရကျောင်း ဦးစီးပဓာနနာယက (ဒုတိယ မြိုင်ကြီးငူ) ဆရာတော်ဘဒ္ဒန္တဉာဏိကအား သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားတင်ပြပြီး ဆန်၊ ဆီအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြိုင်ကြီးငူအထူးဒေသသို့ ယာယီပြောင်းရွှေ့နေထိုင်သော သဘာဝဘေးဒဏ်သင့်ပြည်သူများကို စုံနံ့သာမြိုင်အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) စုံချစ်မြိုင်ခန်းမ၌ သွားရောက်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက အားပေးစကားများပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ယာယီနေထိုင်စဉ်ကာလအတွင်း တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးကို အထူးဂရုပြုကြရန်ပြောကြားကာ သဘာဝဘေးဒဏ်သင့်အိမ်ထောင်စု ၁၁၇၁ စု၊ လူဦးရေ ၆၁၆၃ ဦးအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၅၅၄၆၇၀၀၀ နှင့် နိုင်ငံတော်အကြီးအကဲ၏ အစီအမံဖြင့် ထောက်ပံ့သည့် ငွေကျပ် ၉၅၇၄၅၀၀၀ တန်ဖိုးရှိ Smart ကျား/မ ဝတ် ရုပ်အင်္ကျီ ၆၁၆၃ ထည်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်များကို ထောက်ပံ့ပေးအပ်၍ ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားများ ပြောကြားကြသည်။

ယင်းနောက် မြိုင်ကြီးငူအောင်မင်္ဂလာ စာသင်တိုက် ယာယီရေဘေးကယ်ဆယ်ရေး စခန်းသို့ သွားရောက်၍ ဆွေမြတ်မျိုးကြွယ်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသီရိဓမ္မအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားတင်ပြကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်အိမ်ထောင်စု ၉၆၅ စု၊ လူဦးရေ ၅၃၉၀ အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၄၈၅၁၀၀၀၀ နှင့် ပြည်နယ်အစိုးရအဖွဲ့မှ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်များကို ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ဘားအံမြို့ လှာကမြင်ကွက်သစ် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေ ထိုင်သော အိမ်ထောင်စု ၁၂၁ စု၊ လူဦးရေ ၅၅၂ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၄၉၆၈၀၀၀၊ ငါးသေတ္တာ ၅၅၂ ဘူးကို လည်းကောင်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း မိုးလုံလေလုံအားကစားခန်းမ ရေဘေးကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၂၇၉ စု၊ လူဦးရေ ၁၃၅၅ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၂၁၉၅၀၀၀၊ ငါးသေတ္တာ ၁၃၅၅ ဘူးကို လည်းကောင်း၊ မိုးလုံလေလုံအားကစားခန်းမ ရေဘေးကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၁၅၀၊ လူဦးရေ ၆၈၁ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၆၁၂၉၀၀၀၊ ငါးသေတ္တာ၆၈၁ ဘူးကို လည်းကောင်း၊ ရွှေယဉ်မျှော်ပြည်တော်စေတီတော် ရေဘေးကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၂၃၆ စု၊ လူဦးရေ ၁၁၈၁ ဦး အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၀၆၂၉၀၀၀၊ ငါးသေတ္တာ ၁၁၈၁ ဘူးကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြပြီး ပြည်နယ်အစိုးရအဖွဲ့မှ ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်များကို ထောက်ပံ့ပေးအပ်ကာ အဆိုပါကယ်ဆယ်ရေးစခန်းရှိ ကလေးငယ်များအား အာဟာရဖြည့်စွက်စားစရာမုန့်များကို ဝေငှပေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

နောက်ပြီးတော့ စနစ်တကျနဲ့ နေထိုင်နိုင်မယ်။ တပ်အပေါ်မှာ တချို့တွေဆိုရင် အမြင်မတူတာတွေရှိတယ်။ တပ်ဆိုတာက သူများတွေ အပြင်မှာ ပြောသလောက်မဆိုးပါဘူး။ အထဲမှာ အလွန်ကောင်းပါတယ်။ စည်းကမ်းတကျ နေထိုင်နိုင်အောင်လည်း ပြုပြင်ပေးနိုင်တဲ့ နေရာတစ်ခုပါလို့ ပြောချင်ပါတယ်။ နောက်ထပ်လာမယ့် ညီအစ်ကိုတွေကိုလည်း လာပါ၊ တက်ကြပါလို့။ ဘာပဲပြောပြော နိုင်ငံအတွက် တစ်ထောင့်တစ်နေရာကနေ ကူညီပြီးတော့ တာဝန်ထမ်းဆောင်ကြပါလို့ ပြောချင်ပါတယ်။



သင်တန်းကျောင်းတစ်ခု၌ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၄) ဖွင့်ပွဲ ကျင်းပစဉ်။

နိုင်ငံသား တစ်ယောက်ရယ်လို့ ဖြစ်လာရင် နိုင်ငံကပေးတဲ့တာဝန်ကို ကျွန်တော်တို့ ကျေပွန်အောင် ထမ်းဆောင်မှ ဒါနိုင်ငံသားတိုင်းရဲ့ တာဝန်တစ်ခုပေါ့။ အဲ့ဒီအတွက် ကျွန်တော့်ကိုယ်ကျွန်တော် ဒီ အမှတ်စဉ်(၄) မှာ လာရောက်ပြီးတော့ သင်တန်းသားအဖြစ် ခံယူထားရတဲ့အတွက် အလွန်ကို ပီတိဖြစ်ပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ ကိုယ့်ကိုယ်ကို ဂုဏ်ယူမိပါတယ်။ ကျွန်တော်ကတော့ ဒီသင်တန်းဆင်းပြီးသွားလို့ ကျရာနေရာမှာ ကြိုက်တဲ့တာဝန်ကို ပေးပါ။ ကျွန်တော်တို့ဘက်က အတတ်နိုင်ဆုံး ကျွန်တော်တို့မှာရှိတဲ့ ခွန်အားတွေနဲ့ နိုင်ငံအတွက် သယ်ပိုးဆောင်ရွက်သွားမယ်။ ကျွန်တော်တို့ တပ်မတော်ဆိုတာ မရှိလို့လည်း မဖြစ်ဘူး။ ရှိရမယ်။ ကိုယ့်နိုင်ငံအတွက် တပ်မတော်မှမရှိရင်လည်း ဘယ်သူမှ ကာကွယ်မှာမဟုတ်ဘူး။ တပ်မတော်ကပဲ ကာကွယ်ပေးမှာ ဖြစ်ပါတယ်။ နောက်ဝင်မယ့် အငယ်တွေလည်း ဘာမှမကြောက်ပါနဲ့ အကုန်လုံးကျွန်တော်တို့လိုပဲ ညီအစ်ကိုတွေ သိုက်သိုက်ဝန်းဝန်းနဲ့ လာရောက်ပြီးတော့ ဒီနိုင်ငံအတွက်ကို တာဝန်တွေ ထမ်းဆောင်စေချင်ပါတယ်။ **သတင်းစဉ်**

## လောကနန္ဒာစေတီတော်ကြီး၏ (၉၅၂) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာကျင်းပမည်

**ညောင်ဦး ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စွယ်တော်လေးဆူတွင် တစ်ဆူအပါအဝင်ဖြစ်သော လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီး၏ (၉၅၂) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဩဂုတ် ၆ ရက်မှ ၁၀ ရက်အထိ စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း စေတီတော်ဂေါပကအဖွဲ့ထံမှ သိရသည်။

ထို့နောက် ဩဂုတ် ၁၂ ရက်တွင် စွယ်တော်မြတ်စေတီ ရင်ပြင်တော်ပေါ်၌ ဆွမ်းသပိတ်လုံးများ လောင်းလှူပူဇော်ခြင်းနှင့် သံဃာတော်များအား ဆွမ်းကပ်လှူခြင်း၊ မြန်မာပြည်အရပ်ရပ်မှ ဆွမ်းသပိတ်လုံးကုသိုလ်ရှင်များ လှူဒါန်းထားသည့် နဝကမ္မအစုစုအတွက် ရေစက်သွန်းချ အမျှအတန်းပေးဝေခြင်းများဖြင့် လောကနန္ဒာစွယ်တော်မြတ်စေတီ ဗုဒ္ဓပူဇနီယပွဲတော်ကို ရိုးရာမပျက်ကျင်းပသွားမည်ဖြစ်ကြောင်း၊ မြန်မာပြည် အရပ်ရပ်မှ ကုသိုလ်ရှင်များအနေဖြင့် နည်းများမဆို ဆွမ်းသပိတ်လုံးများ လှူဒါန်းလိုပါက စေတီတော် ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးထင်လင်းဦး၊ ဖုန်း-၄၀၂၅၀၀၃၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနီယပွဲတော်တွင် ရေဝတီမြစ်လယ်ကျွန်းကျေးရွာများမှ လောင်းလှေများဖြင့် လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီးအား ဦးတိုက်ပူဇော်ခြင်း၊ ခေတ်အဆက်ဆက် လောင်းလှေပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့သည့် ပြယုဂ်များကို အလှပြ ပြသခြင်းနှင့် အခြားမြို့များမှ ဆယ့်နှစ်ပွဲဈေးသည်များ၏ ဈေးရောင်းပွဲများလည်းပါဝင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဒီပါလင်း**

## မုတ်သုံလေ အားအသင့်အတင့်ရှိနေ

**နေပြည်တော် ဩဂုတ် ၅** – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ယနေ့ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

## နတ်မောက်မြို့နယ်၌ ချည်မျှင်ရှည်ဝါများ စတင်စိုက်ပျိုးလျက်ရှိ

**နတ်မောက် ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ မေလအတွင်းက မိုးဦးမိုး ရွာသွန်းခဲ့ပြီး ယင်းမိုးရေဖြင့် မိုးသီးနှံများဖြစ်သည့် နှမ်းလျှင်၊ ပင်ထောင်မြေပဲ၊ သီးညှပ်သီးနှံ ပဲစင်းငုံနှင့် ချည်မျှင်ရှည်ဝါသီးနှံများ စိုက်ပျိုးခဲ့ရာ နှမ်းလျှင်၊ ပင်ထောင်မြေပဲနှင့် သီးညှပ်သီးနှံများသည် အပင်ပေါက်ရောက်မှုအားကောင်းခဲ့ပြီး ဝါသီးနှံများမှာ အပင်ပေါက်ရောက်မှု အားနည်းခဲ့သည်။

ဝါသီးနှံများ မိုးရေလိုအပ်ချိန် ဇွန်လအတွင်း မိုးအနည်းငယ်သာ ရွာသွန်းခဲ့၍ သီးနှံများ ဖြစ်ထွန်းမှုမရှိခဲ့ကြောင်း၊ မိုးရေမရခြင်းကြောင့် ဝါသီးနှံများကို ဇူလိုင်လ ဒုတိယ (၁၀)ရက်ပတ်အထိ အပြည့်အဝမစိုက်ပျိုးရသေးကြောင်း လျှော်တောင်ကျေးရွာမှ တောင်သူ ကိုမြင့်ဦးက ပြောသည်။

ထို့နောက် ဇူလိုင်လ ဒုတိယပတ်နှင့် တတိယပတ်အတွင်း မိုးဆက်တိုက်ရွာသွန်းလာမှုကြောင့် မေလက စိုက်ပျိုးခဲ့သော ချည်မျှင် ရှည်ဝါစိုက်ခင်းများတွင် မျိုးစေ့ဖာထေးခြင်း၊ မူလစိုက်ပျိုးရန် စုဆောင်း ထားရှိသော ချည်မျှင်ရှည်ဝါမျိုးစေ့များကို ဇူလိုင်လရွာသည့် မိုးရေအစိုဓာတ်ဖြင့် တွင်တွင်ကျယ်ကျယ် စိုက်ပျိုးခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ နတ်မောက်မြို့နယ်၌ ယခုနှစ်တွင် မိုးချည်မျှင်ရှည်ဝါ ၂၈၂၇၅ ဧကစိုက်ပျိုးရန် လျာထားခဲ့ရာ ယခုအခါ ဧက ၁၅၀၀၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မူမူစန်း**

# နေပြည်တော်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများ၊ MSME လုပ်ငန်းများ၊ အခြားချေးငွေလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၅**
ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများ၊ MSME လုပ်ငန်းများ၊ အခြားချေးငွေလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁) ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းများ စနစ်တကျ အောင်မြင်စွာလည်ပတ်နိုင်ရေး၊ လုပ်ငန်းများ အောင်မြင်စေရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်စေရေးတို့ကို သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းကြပ်မတ် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် စီမံကိန်း လုပ်ငန်းများ စနစ်တကျလည်ပတ်နိုင်ရေး၊ ချေးငွေထုတ်ချေးမှုနှင့် ပြန်လည်ပေးဆပ်မှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း၏ ပဉ္စမအကြိမ် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးကျင်းပ




**နေပြည်တော် ဩဂုတ် ၅**
မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း၏ ပဉ္စမအကြိမ် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) မင်္ဂလာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌနှင့် အသင်းအမှုဆောင်များ၊ အသင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက်သာမက နိုင်ငံတကာတွင် လက်ရှိဖြစ်ပေါ်နေသော စားသုံးဆီလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး မျှော်မှန်းဆောင်ရွက်ရာ၌ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးနှင့် ဆီစက်များ၏ ကြိတ်ခွဲထုတ်လုပ်နိုင်မှုစွမ်းအား မြှင့်တင်ရေးသည် အရေးကြီးသောကဏ္ဍက ပါဝင်နေပါကြောင်း၊ မြန်မာနိုင်ငံ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး၊ စားသုံးဆီဖူလုံစေရေးနှင့် ဆီစက်များ အဆင့်မြှင့်တင်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကဏ္ဍတစ်ခုနှင့်တစ်ခု အချိတ်အဆက်မိမိ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းကြီးကဦးဆောင်၍ အသင်းဝင်ဆီစက်ပိုင်ရှင်များက ဆီထွက်သီးနှံကုန်ကြမ်းများ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ခြင်း နည်းလမ်း (Corporate Farming) အပြင် တောင်သူများနှင့် အကျိုးတူလယ်ယာစနစ် (Contract Farming) နည်းလမ်းများဖြင့် ဆီထွက်သီးနှံကုန်ကြမ်းများကို မိမိတို့လိုအပ်သည့် အရည်အသွေးနှင့် အရေအတွက် ရရှိစေရန် စိုက်ပျိုးခြင်းနည်းလမ်းကိုလည်း ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ပါက မြန်မာ့စားသုံးဆီ Value Chain တစ်လျှောက် ပိုမိုခိုင်မာအားကောင်းလာစေမည့်အပြင် နိုင်ငံတော်အတွက်လည်း ရေရှည်အကျိုး ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်မည်ဖြစ်၍ ဆိုင်ရာကဏ္ဍများက ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အစားအစာဘေးကင်းလုံခြုံရေး လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် လှိုင်မြို့နယ်ရှိ MICT Park ခန်းမတွင် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိသူများ၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်ထုတ်လုပ်ငန်းများအားလုံးကို ပုဂ္ဂလိကပိုင်းက ဆောင်ရွက်နေခြင်းဖြစ်၍ နိုင်ငံတော်၏ အသားထုတ်လုပ်မှုကဏ္ဍ တန်ဖိုးတိုးတက်ရေးသည် ပုဂ္ဂလိကကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုပေါ် များစွာတည်မှီနေမှု၊ ဌာနနှင့် ပုဂ္ဂလိကများအကြား ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ မွေးမြူရေးထွက်ကုန်များ ပြည်တွင်းစားသုံးမှုဖူလုံမှုရှိစေရန်နှင့် ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာနပိုင် အုပ်ကျင်းလှော်ရွေး လှော်ထုတ်စက်ရုံကို ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် ကျော်ထက်ကျော်ကုမ္ပဏီ၊ ပိုးသတ်ဆေးနှင့် စိုက်ပျိုးရေးသွင်းအားစုများ သိုလှောင်ဖြန့်ဖြူးလုပ်ငန်းအတွက် ငှားရမ်းလုပ်ကိုင်နေသည့် မာလာမြိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့ကို လည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန (၉)မိုင် စက်မှုလယ်ယာအလုပ်ရုံအား လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးအတွက် ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် Young Investment Group ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းစာချုပ်ပါအချက်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမင်းမင်း ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်(ဘင်းမ်စတက်) စီးပွားရေးထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အိန္ဒိယသမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၅**
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ဩဂုတ် ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည့် ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (ဘင်းမ်စတက်) စီးပွားရေး ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ အိန္ဒိယသမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



အဆိုပါ စီးပွားရေးထိပ်သီးအစည်းအဝေးကို စီးပွားရေးလုပ်ငန်းများအတွက် ပွင့်လင်းမြင်သာမှုရှိပြီး လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ဖန်တီးရန်နှင့် ပိုမိုကောင်းမွန်သော ကုန်သွယ်ရေးနှင့် စီးပွားရေးအလားအလာများအတွက် မဟာဗျူဟာမြောက် ပူးပေါင်း ဆောင်ရွက်နိုင်ရေး ဆွေးနွေးရန် ကျင်းပခြင်းဖြစ်ပြီး ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတကာမှ တက်ရောက်လာသည့် အဆင့်မြင့် အရာရှိကြီးများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၊ အကြံပေးအဖွဲ့များ၊ သုတေသနအသင်းအဖွဲ့များနှင့် ထုတ်လုပ်မှုလုပ်ငန်းများမှ ကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံကာ ကုန်သွယ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ၊ စွမ်းအင်၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဘင်းမ်စတက် လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူစာချုပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးသွားကြမည်ဖြစ်သည်။

ဖိုရမ်သို့ စွမ်းအင်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

- အင်တာနက် ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်း လောင်းကစားကြော်ငြာများ လက်ခံကြော်ငြာ ပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# လက်တုံ့ပြန်မှုများအတွက် အဆင်သင့်ရှိကြောင်း ဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုပြော



ဂျေရုဆလင် ဩဂုတ် ၅

**ပြီးခဲ့သည့် သီတင်းပတ်က ဟားမားစ်ထိပ်တန်းခေါင်းဆောင် လုပ်ကြံခံရပြီးနောက် အစ္စရေးသည် မည်သည့်တိုက်ခိုက်မှုမျိုးကို မဆို တုံ့ပြန်ရန် အဆင်သင့်ရှိကြောင်း ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု က ပြောကြားလိုက်သည်။**

ဟားမားစ်ထိပ်တန်း ခေါင်းဆောင် အစ္စမေးလ် ဟာနီယေးသည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က အီရန်နိုင်ငံသို့ ရောက်ရှိနေစဉ်လုပ်ကြံခံခဲ့ရခြင်းဖြစ်သည်။ အစ္စရေးက ဟားမားစ်ထိပ်တန်း ခေါင်းဆောင် လုပ်ကြံခံရပြီး နောက်ကွယ်တွင်ရှိကြောင်းကို လူသိရှင်ကြား ဝန်ခံထားခြင်း မရှိသော်လည်း ဖြစ်ပေါ်လာနိုင်သော လက်တုံ့ပြန်မှုများအတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

လက်ဘနွန်နိုင်ငံရှိ အီရန် ကျောထောက်နောက်ခံပြုထားသည့် ဟစ်ဇ်ဘိုလာအဖွဲ့ကလည်း လက်တုံ့ပြန်မည်ဟု ကတိပြုပြောကြားထားသည်။ ၎င်းတို့၏ အကြီးတန်းတပ်မှူးတစ်ဦးလည်း အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ရသည်။ တနင်္ဂနွေနေ့ကအစိုးရအဖွဲ့အစည်းအဝေးတစ်ခုတွင် နေတန်ယာဟုက မည်သည့်အခြေအနေအတွက်မဆို အဆင်သင့်ရှိကြောင်းနှင့် ရန်လိုမှုမှန်သမျှအတွက် တန်ဖိုး ကြီးကြီးမားမား ပေးဆပ်ရလိမ့်မည်ဟု ပြောကြားခဲ့သည်။

အစ္စရေးကာကွယ်ရေး ဝန်ကြီး ယောဗ်ဂါးလန့်ကလည်း အကြီးတန်း တပ်မတော်အရာရှိများနှင့် တနင်္ဂနွေနေ့တွင် တွေ့ဆုံခဲ့ကြောင်း သိရသည်။ အမေရိကန်ဗဟိုစစ်ဌာနချုပ် အကြီးအကဲသည် တနင်္လာနေ့တွင် အစ္စရေးသို့ လာရောက်ဖွယ်ရှိကြောင်း အစ္စရေး သတင်းမီဒီယာ Haaretz က အစီရင်ခံဖော်ပြထားသည်။

အင်န်အိတ်ချ်ကေ

# တောင်ကိုရီးယားနိုင်ငံ၌ အပူချိန်နှင့်ဆက်စပ်သော နာမကျန်းမှုများကြောင့် သေဆုံးသူ ၁၁ ဦးအထိ ရှိလာ

ဆိုးလ် ဩဂုတ် ၅



တောင်ကိုရီးယားနိုင်ငံ၌ အပူချိန်နှင့်ဆက်စပ်သော နာမကျန်းမှုများကြောင့် သေဆုံးသူ ၁၁ ဦး အထိ ရှိလာသည့်အပြင် ဆေးဝါးကုသမှုခံယူသူ အရေအတွက်မှာလည်း ၁၅၀၀ ကျော်လွန်လာပြီဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောသည်။

တောင်ကိုရီးယား နိုင်ငံတစ်ဝန်း အပူချိန်မြင့်တက်မှုဆက်လက်ဖြစ်ပေါ်နေချိန် စနေနေ့တွင် အမျိုးသမီး သုံးဦး သတိလစ် မေ့မြောသွားပြီးနောက် ထပ်မံသေဆုံးခဲ့ကြောင်း၊ မေ ၂၀ ရက်မှ ဩဂုတ် ၃ ရက်ကြားတွင် အပူချိန်နှင့် ဆက်စပ်သော ဖြစ်ရပ်များကြောင့် သေဆုံးသူပေါင်း ၁၁ ဦးအထိ ရှိလာကြောင်း သိရသည်။

ထို့ပြင် မေ ၂၀ ရက်မှ ဩဂုတ် ၃ ရက်ကြား အပူချိန်နှင့် ဆက်စပ်သော နာမကျန်းမှုများကြောင့် ဆေးဝါးကုသမှုခံယူသူ လူနာအရေအတွက်မှာလည်း ၁၅၄၆ ဦးအထိ ရှိပြီး ယမန်နှစ် အလားတူကာလကထက် ပိုများလာကြောင်း သိရသည်။ မိုးရာသီကုန်ပြီးနောက်တွင် တောင်ကိုရီးယား နိုင်ငံတစ်ဝန်း ပြီးခဲ့သည့် သီတင်းပတ်ကစပြီး အပူချိန်မြင့်တက်ခဲ့သည်။

အပူချိန်လွန်ကဲမှုသည် နောက်ထပ် ၁၀ ရက်ထက်မနည်း ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသအေဂျင်စီက တနင်္ဂနွေနေ့တွင်ခန့်မှန်းထားသည်။ **ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်သဖြင့် ကြားဖြတ်အစိုးရ ဖွဲ့ရန်စီစဉ်

ဒါကာ ဩဂုတ် ၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဆန္ဒပြမှုများကြောင့် ဝန်ကြီးချုပ် ရှိတ်ခ် ဟာဆီနာ ရာထူးမှ နုတ်ထွက်သဖြင့် ကြားဖြတ်အစိုးရတစ်ရပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီး ဝါကာ အူဇ် ဇမန်က ဩဂုတ် ၅ ရက် မွန်းလွဲပိုင်းက နိုင်ငံပိုင်ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားသည်။

ကြားဖြတ်အစိုးရဖွဲ့ရန်အတွက် သမ္မတထံ တင်ပြသွားမည်ဖြစ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက်ကိုလည်း တောင်းဆိုလိုက်ပြီး အခြေအနေ ပိုကောင်းလာပါက အရေးပေါ်အခြေအနေကြေညာသွားမည် မဟုတ်သေးကြောင်း အူဇ်ဇမန် က ပြောကြားသည်။ ဝန်ကြီးချုပ် ရှိတ်ခ် ဟာဆီနာသည် ၎င်း၏ အစိုးရအဖွဲ့ကို ဆန့်ကျင်သည့် ဆန္ဒပြမှုများကြောင့် နိုင်ငံမှထွက်ပြေးသွားခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် မီဒီယာများက ဖော်ပြသည်။ အသက် ၇၆ နှစ်ရှိ ဝန်ကြီးချုပ် ရှိတ်ခ် ဟာဆီနာသည် ပါလီမန်ရွေးကောက်ပွဲများတွင် ၎င်း၏ ဘင်္ဂလားဒေ့ရှ်အဝါမီလိဂ်ပါတီက မဲအပြတ်အသတ် အနိုင်ရရှိခဲ့ပြီးနောက် ယခုနှစ် ဇန်နဝါရီလကစ၍ လေးကြိမ်ဆက်တိုက် ဝန်ကြီးချုပ်ရာထူးကို ရယူခဲ့သူဖြစ်သည်။

အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ

# အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးမှုကြောင့် ၁၀ ဦးသေဆုံး

ကဘူးလ် ဩဂုတ် ၅

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဇာဘူပြည်နယ်တွင် ဩဂုတ် ၄ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက် ရေကြီးမှုဖြစ်ပွားသဖြင့် ၁၀ ဦးထက်မနည်း သေဆုံးကာ အခြား သုံးဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသတွင်း အာဏာပိုင်တစ်ဦးက ဩဂုတ် ၅ ရက်တွင် ပြောကြားသည်။

ပြည်နယ်၏ ရှင်ကေခရိုင်နှင့် ပြည်နယ်မြို့တော် ကာလက်နေရာ အများအပြားတို့တွင် ရေကြီးမှုဖြစ်ပွားခြင်းဖြစ်သည်။ ကနဦးသတင်းများအရ ရေကြီးမှုကြောင့် သေဆုံးသူများထဲတွင် အမျိုးသမီးတစ်ဦးနှင့် ကလေး သုံးဦးပါဝင်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဇဘီဟူလာ ဂျော်ဟာက ပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် ကောက်ပဲသီးနှံများ၊ နေအိမ်များနှင့် မွေးမြူရေးတိရစ္ဆာန်များ မျောပါဆုံးရှုံးခဲ့ရပြီး ဒေသခံပြည်သူများအတွက် ကြီးမားသည့် ဆုံးရှုံးမှုများ ဖြစ်ပေါ်စေကြောင်း ၎င်းက ပြောကြားသည်။

ဇူလိုင်လအတွင်း အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာပြည်နယ် အရှေ့ပိုင်း၌ မုန်တိုင်းတိုက်ခတ်ခြင်းနှင့် ရေကြီးခြင်းတို့ဖြစ်ပွားသဖြင့် လူ ၄၀ ကျော်သေဆုံးပြီး အခြား ၃၅၀ ခန့် ဒဏ်ရာရရှိကြောင်း သိရသည်။

ဆင်ဟွာ

# အီရန်နိုင်ငံ၌ အပူချိန်လွန်ကဲမှုကြောင့် ပြည်နယ် ၁၅ ခုတွင် အလုပ်ချိန်လျှော့ချ

တီဟီရန် ဩဂုတ် ၅

အီရန်နိုင်ငံသည် အပူလှိုင်းကျရောက်မှုကြောင့် ပြည်နယ်အများအပြား၌ နိုင်ငံပိုင်အဖွဲ့အစည်းများနှင့် ဘဏ်များတွင် အလုပ်ချိန်လျှော့ချမည်ဖြစ်ကြောင်း ဩဂုတ် ၅ ရက်တွင် ကြေညာထားသည်။

အီရန်နိုင်ငံ၌ ဩဂုတ် ၆ ရက်တွင် အလုပ်ချိန်မှာ ဒေသစံတော်ချိန် နံနက် ၆ နာရီမှ နံနက် ၁၀ အထိဖြစ်မည်ဟု အစိုးရကပြောကြားသည်။ ယင်းမှာ အများပြည်သူကျန်းမာရေးကို ကာကွယ်ရန်နှင့် စွမ်းအင်ပြတ်တောက်မှုကို တားဆီးရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းဆုံးဖြတ်ချက်သည် တီဟီရန်အပါအဝင် ပြည်နယ် ၁၅ ခုတွင် သက်ရောက်မည်ဖြစ်ပြီး မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများကို ပုံမှန်အတိုင်း ဆက်လက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။ အီရန်နိုင်ငံ၏ နေရာအများအပြားတွင် လာမည့်ရက်များအတွင်း အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်ကျော်လွန်ရန် ခန့်မှန်းထားသည်။ ဆင်ဟွာ

# မွန်ဂိုလီးယားနိုင်ငံသို့ ခုနစ်လအတွင်း နိုင်ငံခြားခရီးသွား ၄၃၆၀၀၀ ကျော် ဝင်ရောက်

အူလန်ဘာတာ ဩဂုတ် ၅

မွန်ဂိုလီးယားနိုင်ငံသို့ ယခုနှစ် ပထမ ခုနစ်လအတွင်း နိုင်ငံခြားခရီးသွားစုစုပေါင်း ၄၃၆၆၁၇ ဦး ဝင်ရောက်မှုရှိခဲ့ကြောင်း နိုင်ငံ၏ ယဉ်ကျေးမှု၊ အားကစား၊ ခရီးသွားလုပ်ငန်းနှင့် လူငယ်ရေးရာဝန်ကြီးဌာနက တနင်္လာနေ့တွင် အစီရင်ခံဖော်ပြထားသည်။

အဆိုပါကာလအတွင်း မွန်ဂိုလီးယားနိုင်ငံသို့ ဝင်ရောက်လာသော နိုင်ငံခြားခရီးသွားများ အနက် ရုရှား၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ အများဆုံးဖြစ်ကြောင်း သိရသည်။ ခရီးသွားစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းခန့်မှာ လွန်ခဲ့သည့် တစ်လတည်းတွင် ဝင်ရောက်လာကြခြင်းဖြစ်သည်။



ခရီးသွားလုပ်ငန်း ကဏ္ဍ မြှင့်တင်ရေးကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအဖြစ် မွန်ဂိုလီးယားနိုင်ငံသည် တစ်နှစ်လျှင် နိုင်ငံခြားခရီးသွား တစ်သန်းထက်မနည်း ဆွဲဆောင်ရန် ရည်ရွယ်ကာ ၂၀၂၃-၂၀၂၅ ခုနှစ်ကို မွန်ဂိုလီးယား ခရီးသွားနှစ်အဖြစ် ကြေညာထားသည်။

ပြီးခဲ့သည့်နှစ်တွင် မွန်ဂိုလီးယားနိုင်ငံသည် နိုင်ငံခြားခရီးသွား ၆၅၀၀၀၀ ကို ဆွဲဆောင်နိုင်ခဲ့ပြီး ခရီးသွားလုပ်ငန်းကဏ္ဍမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ထံမှ ဆေးဘက်ဆိုင်ရာ အထောက်အပံ့ပစ္စည်း ၃၂ တန် လက်ဘနွန်ရရှိ

ဘေရွတ် ဩဂုတ် ၅

လက်ဘနွန်နိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ထံမှ ထောက်ပံ့သည့် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ ပစ္စည်း ၃၂ တန်ကို ဩဂုတ် ၅ ရက်က လက်ခံရရှိခဲ့ပြီးနောက် စစ်ပွဲများ ပြင်းထန်လာပါက ကျန်းမာရေးကဏ္ဍ အနေဖြင့် ရင်ဆိုင်ရန် အဆင်သင့်ဖြစ်နေပြီဟု အမျိုးသားသတင်းအေဂျင်စီက ဖော်ပြသည်။လက်ဘနွန်ကျန်းမာရေးဝန်ကြီး ဖီရာရက်စ် အေဘီရာ့ဒ်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လှူဒါန်းသည့် အထောက်အပံ့ပစ္စည်းများကို ဘေရွတ်မြို့ရှိ ရာဖစ် ဟာရီရီ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လက်ဘနွန်နိုင်ငံဆိုင်ရာ ကိုယ်စားလှယ် အဗ္ဗဒယ် နက်ဆာ အဘူဘာကာ ထံမှ လက်ခံရရှိခဲ့သည်။ ဆင်ဟွာ

# ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် ဦးအေးထွန်း မြန်မာပြည်အလယ်ဗဟိုချက် အနောက်ပြက္ခရွှေတောင်ရှိ အနော်ရထာမင်းကြီး တည်ထားခဲ့သော ပဉ္စမစွယ်တော်ရှင်စေတီတော် ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများပြီးစီးမှု ဖူးမြော်၍ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးထွန်းတို့သည် ယနေ့နံနက်ပိုင်းက ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကူမဲမြို့ အရှေ့တောင်ဘက် ကိုးမိုင်ခန့်အကွာ မြသုခကျေးရွာအနီး မြန်မာပြည်အလယ်ဗဟိုချက် အနောက်ပြက္ခရွှေတောင်ရှိ အနော်ရထာမင်းကြီး တည်ထားခဲ့သော ပဉ္စမစွယ်တော်ရှင် စေတီတော် ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို သွားရောက်ဖူးမြော်၍ ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**

စေတီတော် ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို မိတ္ထီလာမြို့ နိုင်ငံတော်ဩဝါဒါစရိယ အဘိဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တလာဘာဝသ ရေလည်ဆရာတော်ဘုရားကြီးနှင့် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုပါဠိကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တတိမလဗုဒ္ဓိတို့လိုက်ပါ၍ သာသနာရေးဆိုင်ရာ လုပ်ငန်းဆောင်တာများ ဆောင်ရွက်တော်မူကြရာ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြစ်သားမြို့နယ် မြသုခကျေးရွာအနီး





အနောက်ပြက္ခရွှေတောင်ပေါ်ရှိ ပဉ္စမစွယ်တော်ရှင်စေတီတော်သို့ ဖောက်လုပ်ထားရှိသည့် တောင်တက်မြေသားလမ်းလေးမိုင် ပြီးစီးမှုနှင့် ရာသီမရွေး သွားလာနိုင်သည့် အမာခံလမ်းအဖြစ် ဆက်လက်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပျော်ဘွယ်မြို့ ဝေဘူလသာယာကုန်းကျောင်းတိုက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတိသကုမာရ ဆရာတော်ဘုရားကြီးထံ သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကာ သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၃၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ





**ရန်ကုန် ဩဂုတ် ၅**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) တွင် ယနေ့ နံနက် ၈ နာရီက အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၃၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရတနာသိင်္ခ ခန်းမ၌ ကျင်းပရာ ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး) ဒေါ်မူမူမြင့်က သင်တန်းဖွင့်မိန့်ခွန်းပြောကြားသည်။ (ဝဲပုံ)

အရာထမ်းငယ် သင်တန်းအမှတ်စဉ်(၁၃၀)သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၆၉ ဦး၊ သင်တန်းသူ ၁၉၅ ဦး စုစုပေါင်း ၃၆၄ ဦးတို့ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဩဂုတ် ၅ ရက်မှ အောက်တိုဘာ ၁၆ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာ ရက်သတ္တ ၁၀ ပတ်ကြာမည် တက်ရောက်ရမည်ဖြစ်သည်။

**တက်ရောက်**

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဩဂုတ် ၅**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု ဘာသာပြန်စာပေ ပထမဆုရ **"သုတေသီမောင်ဟန်"** ရေးသားသည့် **"ရာသီဥတုပြောင်းလဲမှု"** စာအုပ်ကို ၂၀၂၄ ခုနှစ် ဩဂုတ်လ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်းအမှတ် (၅၂၉-၅၃၁)ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

လတ်တလောခြေစွမ်းအရရော သိသိသာသာကွာခြားမှုမရှိတာကြောင့် ယခင်ပွဲစဉ်ကထက် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။ ဒါ့အပြင် အမေရိကန်ကို အုပ်စုပွဲစဉ်က ရှုံးကြွေးပြန်ဆပ်ဖို့ ကြိုးစားလာမယ့် ဂျာမနီအသင်းရဲ့ ခြေကုန်ထုတ်လာနိုင်မှုကြောင့်လည်း အကြိတ်အနယ်ရှိလာမှာပါ။ မည်သို့ပင်ဆိုစေ ဂျာမနီအသင်းကို ထပ်မံအနိုင်ယူပြီး အမေရိကန်အသင်း ဗိုလ်လုပွဲတက်လှမ်းသွားဖွယ်ရှိတယ်။

**ဘရာဇီးနဲ့ စပိန်**

ဘရာဇီးနဲ့ စပိန်ကလည်း အုပ်စု(ဂ)မှာ တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး အုပ်စုပွဲစဉ် (၃) မှာ ထိပ်တိုက်တွေ့ဆုံထားပါတယ်။ အဲဒီပွဲစဉ်မှာ စပိန်က နှစ်ဂိုးပြတ်နိုင်ပွဲရယူပြီး အုပ်စုပထမနဲ့ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့ပါတယ်။ ပြိုင်ဘက် ဘရာဇီးက အကောင်းဆုံးအုပ်စု တတိယရရှိခဲ့လို့သာ နောက်တစ်ဆင့်ကို တက်လှမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။ ကွာတားဖိုင်နယ်မှာတော့ ဘရာဇီးက အိမ်ရှင်ပြင်သစ်အသင်းနဲ့ တွေ့ဆုံခဲ့ပြီး ပွဲချိန် ၈၂ မိနစ်မှာ ရရှိခဲ့တဲ့ ပေါ်တီဟိုရဲ့ သွင်းဂိုးနဲ့ နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်ကို တက်လှမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။ စပိန်က ကိုလံဘီယာအသင်းနဲ့ တွေ့ဆုံခဲ့ပြီး ပယ်နယ်တီအဆုံးအဖြတ်နဲ့ နိုင်ပွဲရယူကာ ဆီမီးဖိုင်နယ်ကို တက်လှမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ စပိန်အသင်းက ကိုလံဘီယာအသင်းကို ပွဲချိန်တစ်လျှောက် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးကန်သွင်းမှုအသာနဲ့ တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့ပေမယ့် ပြိုင်ဘက်အသင်းရဲ့ ရံဖန်ရံခါထိုးဖောက်တိုက်စစ်ဆင်မှုကို အသင်းခံစစ်နဲ့ ဂိုးသမားတို့ ခုခံကာကွယ်နိုင်စွမ်းမရှိတဲ့အတွက် ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရတာဖြစ်တယ်။ မည်သို့ပင်ဆိုစေ ဘရာဇီးအသင်းအနေနဲ့ ယခုပွဲစဉ်မှာ အုပ်စုပွဲစဉ်က ရှုံးနိမ့်မှုကို ရှုံးကြွေးပြန်ဆပ်သွားနိုင်မလား သို့မဟုတ် ရှုံးကြွေးထပ်တင်ကာ ဗိုလ်လုပွဲတက်လှမ်းခွင့် လွဲချော်သွားမလားဆိုတာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ **အောင်ဇော်**



## အသည်းအစားထိုး ခွဲစိတ်ကုသမှုလုပ်ငန်း ဆက်လက်ဆောင်ရွက်မှု(တတိယနေ့)

**နေပြည်တော် ဩဂုတ် ၅**

တပ်မတော်တွင် သတ္တမအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှု တတိယနေ့ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုတွင် လူနာဖြစ်သူ ဦးသူရထွန်းနှင့် ညီဖြစ်သူ အသည်းအလှူရှင် ကိုနေလင်းထိုက်တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခင်ရက်များတွင် ခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သော အသည်းအလှူရှင် နှစ်ဦးနှင့် အသည်းလက်ခံလူနာ နှစ်ဦးတို့၏ ကျန်းမာရေးအခြေအနေမှာလည်း ကောင်းမွန်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စလင်းမြို့နယ် ဒေသထွက်နှမ်းသီးနှံ စတင်ရိတ်သိမ်း



မကွေးတိုင်းဒေသကြီးသည် ပဲ၊ နှမ်း၊ နေကြာနှင့်ဝါ စသောဆီထွက်သီးနှံများ အဓိကစိုက်ပျိုး ထွက်ရှိသော ဒေသတစ်ခုဖြစ်ပြီး မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်းရှိ ဆင်ဖြူကျွန်းမြို့နှင့် ရွာမတော်၊ ပေါက်ရင်းကုန်း၊ မြောင်းကောက်၊ အရှေ့ကန်ဘောင်၊ ပျိုးခင်းကုန်း စသည့်ကျေးရွာများတွင် နွေနှမ်း စိုက်ဧကပေါင်း ၂၃၀၀၀ ကျော် စိုက်ပျိုးထားရှိကြောင်း သိရသည်။

စိုက်ပျိုးမှုအနေဖြင့် နွေနှမ်းများကို ဧပြီလတွင် စတင်စိုက်ပျိုးပြီး ဇွန်လလယ်တွင် စတင်ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးရာတွင် မျိုးအနေဖြင့် ဂျပန်နှမ်းဖြူမျိုးနှင့် နှမ်းနက်(စမုန်)မျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၉၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၅ တင်း ခန့် ထွက်ရှိပြီး လက်ရှိအချိန်တွင် ဂျပန်နှမ်းဖြူ တစ်တင်းလျှင် ငွေကျပ် ၁၃၅၀၀၀-၁၄၀၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းနက်(စမုန်) တစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀၀-၁၅၅၀၀၀ ဈေးနှုန်းဖြင့် လည်းကောင်းအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် ဂျပန်နှမ်းဖြူ တစ်ဧကလျှင် ငွေကျပ် ၁၁၂၅၀၀၀၊ နှမ်းနက် (စမုန်) တစ်ဧကလျှင် ငွေကျပ် ၁၃၅၀၀၀၀ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် စလင်းမြို့နယ်မှ ထွက်ရှိသည့် နှမ်းသီးနှံများကို စလင်းမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့ရှိ ပွဲရုံများသို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုနှစ်တွင် ရာသီဥတု မျှတကောင်းမွန်သည့်အတွက် နှမ်းအထွက်နှုန်းများ ကောင်းမွန်ပြီး ဈေးကောင်းရရှိသောကြောင့် နှမ်းစိုက်တောင်သူများ အကျိုးအမြတ်များ ရရှိကြောင်း သိရသည်။

DOCA (မကွေး)

# ကျောက်ဆည်ခရိုင်၌ နှံစားပြောင်းသီးနှံ စိုက်ပျိုးထားရှိမှုနှင့် ဈေးနှုန်းဈေးကွက်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ရာသီအလိုက်သီးနှံများကို စိုက်ပျိုးလျက်ရှိရာ စီးပွားဖြစ်ဝင်ငွေတိုး၍ ကျွဲစာ၊ နွားစာများအတွက် ဖူလုံသော နှံစားပြောင်းသီးနှံ စိုက်ပျိုးကြကြောင်း၊ ကျောက်ဆည်ခရိုင်အတွင်း နှံစားပြောင်း ၁၉၉၉ ဧက စိုက်ပျိုးထားရှိရာ ကျောက်ဆည်မြို့နယ်၌ ၁၇၁၈ ဧကနှင့် မြစ်သားမြို့နယ်၌ ၂၈၁ ဧက စိုက်ပျိုးထားကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နှံစားပြောင်းသီးနှံကို ဇူလိုင်လ ဒုတိယပတ်တွင် စတင်စိုက်ပျိုးပြီး လေးလအကြာ နိုဝင်ဘာလဆန်းတွင် စတင်ထွက်ရှိကြောင်း၊ ထွက်တိုးနီနှင့် ထွက်တိုးဖြူမျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးမှုအတွက် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်းငွေကျပ် ၂၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခုနှစ် နှံစားပြောင်းများ ထွက်ပေါ်ချိန်တွင် အရည်အသွေးကောင်းမွန်၍ ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်မည်ဟု ခန့်မှန်းထားရှိပြီး ယခုအချိန်အထိ နှံစား ပြောင်းများ ထွက်ပေါ်ခြင်းမရှိသေးကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၃၅ - ၄၀ တင်းခန့်ထွက်ရှိပြီး ဒေသတွင်းပွဲရုံများသို့ တင်ပို့ရောင်းချရကြောင်း၊ လက်ရှိအချိန်တွင် ဈေးကွက်၌ ယခင်နှစ်ကထွက်ရှိခဲ့သည့် နှံစားပြောင်းများ တစ်တင်းလျှင် ငွေကျပ် ၃၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

DOCA(မန္တလေး)

## ရွှေဘိုဈေးကွက်၌ ပဲတီစိမ်းသီးနှံဈေးနှုန်းများ ဆက်လက်ကောင်းမွန်ပြီး အရောင်းအဝယ်ဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုဈေးကွက်သို့ ပဲတီစိမ်းသီးနှံများ မေလ ပထမပတ်မှစတင်၍ ဝင်ရောက်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇူလိုင်လ နောက်ဆုံးပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ ပဲတီစိမ်း တစ်တင်းလျှင် ငွေကျပ် ၇၀၅၀၀ ရှိပြီး ဇူလိုင်လ နောက်ဆုံးပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ပဲတီစိမ်းသီးနှံ ၄၅၀၀ တင်း၊ တန်အားဖြင့် ၁၄၇ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇူလိုင်လ တတိယပတ်နှင့် ဇူလိုင်လ နောက်ဆုံးပတ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများနှိုင်းယှဉ်ပါက ဇူလိုင်လ တတိယပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၆၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇူလိုင်လ နောက်ဆုံးပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၅၅၀၀ ပိုမိုရရှိပြီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇူလိုင်လ နောက်ဆုံးပတ်တွင် ပဲတီစိမ်း သီးနှံဈေးကောင်း ဆက်လက်ရရှိလျက်ရှိပြီး အရောင်းအဝယ်များလည်း ပိုမိုကောင်းမွန်လာကြောင်း ဈေးကွက်မှ သိရသည်။

DOCA(စစ်ကိုင်း)

# ကန့်ဘလူခရိုင် ကွမ်းဈေးနှုန်းဈေးကွက်



စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ကွမ်းများကို ယာကွက်များ၌လည်းကောင်း၊ နေအိမ်ခြံဝင်းများ၌လည်းကောင်း စိုက်ပျိုးကြကြောင်း သိရသည်။

ကန့်ဘလူခရိုင်အတွင်း ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးအပေါ် မူတည်၍ ဇူလိုင်လ နောက်ဆုံးပတ်တွင် ကွမ်းရွက် (ရှယ်) တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ဖြင့်လည်းကောင်း၊ ကွမ်းရွက်(ရိုးရိုး) တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကွမ်းရွက်များကို ကန့်ဘလူမြို့၊ ကျွန်းလှမြို့နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ကွမ်းဝင်ရောက်မှုအပေါ် မူတည်၍ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

DOCA (စစ်ကိုင်း)

## ၅ - ၈ - ၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၅၀၀ | | ၇၀၀၀ | ၁၉၀၀၀ | ၆၆၀၈ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၈၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၈၅၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၁၂၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၄၃၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၂၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၅ | မော်လမြိုင် | ၃၂၀၀ | | ၅၂၀၀ | ၁၇၀၀၀ | ၆၁၅၅ | ၁၀၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၆၄၀၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ၆၅၀၀ | ၁၂၅၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၅၅၀၀ | ၁၄၅၀၀ | ၉၂၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၃၀၀ | ၇၃၀၀ | ၅၅၀၀ | ၅၅၀၀ | ၁၇၅၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၁၉၀၀၀ | ၆၁၈၀ | ၉၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၆၃၅၀ | ၆၀၀၀ | ၂၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၅၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၆၀၀၀ | ၆၈၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၀၀၀ | ၈၃၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၃၀၀ | | ၆၀၀၀ | ၁၇၅၀၀ | ၆၇၆၅ | ၁၂၀၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၈၄၀၀ | ၆၂၀၀ | ၆၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၃၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၆၀၀၀ | ၆၄၀၀ | ၉၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၄၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၇၀၀ | ၈၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၃၅၀ | | ၅၇၀၀ | ၁၆၀၀၀ | ၆၅၅၀ | ၁၁၀၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၅၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၈၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၈၅၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၂၀၀ | ၅၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ဖျူးမနား | ၃၀၀၀ | | ၆၃၀၀ | ၁၆၄၀၀ | ၆၆၂၅ | ၁၁၅၀၀ | ၂၃၀၀ | ၁၃၂၀၀ | ၁၃၆၀၀ | ၇၅၀၀ | ၆၆၀၀ | ၅၀၀ | ၈၂၀၀ | ၆၄၀၀ | ၆၂၀၀ | ၄၀၀၀ | ၅၂၀၀ | ၁၂၄၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၃၀၀ | ၁၆၈၀၀ | ၆၆၂၅ | ၁၂၀၀၀ | ၂၅၀၀ | ၁၃၈၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၃၀၀ | ၅၀၀ | ၈၄၀၀ | ၆၄၀၀ | ၆၅၀၀ | ၄၂၀၀ | ၅၂၀၀ | ၁၂၆၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၆၀၀၀ | ၁၁၅၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၁၂၅၀၀ | ၁၃၀၀ | ၉၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

# လူမှုစီးပွားအကျိုးများအောင် ရှေ့ဆောင်လမ်းပြ မြန်မာ့သမဝါယမ

***စစ်လွမ်းနောင်(မန်းမြေသား)***

သမဝါယမစနစ်ဆိုသည်မှာ လူတို့၏ အတ္တဟိတ (ကိုယ့်အကျိုးစီးပွား)၊ ပရဟိတ (အများအကျိုးစီးပွား) ဒွန်တွဲမှုအပေါ်မှာ အခြေခံပြီး ကြံဆတီထွင်ထားသည့် စနစ်တစ်ခုပင်ဖြစ်သည်။

ထိုသို့ အတ္တနှင့် ပရ ဒွန်တွဲမှုအပေါ် အခြေခံထားသည်နှင့်အညီ လူတို့၏ စီးပွားရေးအခြေအနေများကို တိုးတက်အောင်မြင်စေရန် အလို့ငှာ လူတန်းစားမခွဲခြားဘဲ သာတူညီမျှစနစ်ဖြင့် အချင်းချင်း ဆက်ဆံပေါင်းသင်းကာ မိမိတို့၏ ဆန္ဒအလျောက် အတူတကွပူးပေါင်းဆောင်ရွက်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့်အတွက် ပြည်သူလူထုအကြားယနေ့တိုင် စဉ်ဆက်မပြတ် ရပ်တည်နေနိုင်ခြင်းပင်ဖြစ်သည်။

တစ်နည်းဆိုရလျှင် သမဝါယမ စနစ်ဆိုသည်မှာ အတ္တကို ဗဟိုပြုခြင်းမျိုးမဟုတ်ဘဲ **လိုအပ်နေသူများနှင့် ရှိနေသည့်သူများကို ဆက်စပ်ပေးသောစနစ်**ဟုလည်း ဆိုနိုင်ပေသည်။ သမဝါယမစနစ်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများသည် လူတစ်ဦးတစ်ယောက်၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းမဟုတ်ဘဲ အတ္တ၊ ပရ ညီညွတ်မျှတစွာ ပူးပေါင်းဆောင်ရွက်ပြီး တစ်ယောက်၏ လုပ်အားသည် အများအတွက် အကျိုးကျေးဇူးဖြစ်စေသကဲ့သို့ အများ၏ လုပ်အားသည်လည်း တစ်ဦးတစ်ယောက်ချင်းစီအတွက် အကျိုးကျေးဇူးကို မျှဝေခံစားကြခြင်းပင်ဖြစ်သည်။

**သမဝါယမလုပ်ငန်းသည် မဇ္ဈိမပဋိပဒါလုပ်ငန်းဖြစ်**

သမဝါယမလုပ်ငန်းသည် လောဘ၊ ဒေါသ၊ မောဟတို့ဖြင့် ခပ်ကြမ်းကြမ်းလုပ်ရသည့် လုပ်ငန်းမျိုး မဟုတ်၊ အရိယာသူတော်စင်များသာ ပယ်သတ်နိုင်သည့် လောဘ၊ ဒေါသ၊ မောဟကို အတင်းပယ်သတ်ပြီး အသာအယာလုပ်ရသည့် လုပ်ငန်းမျိုးဟုလည်းမဆိုသာ၊ ထိုနှစ်ခုကြား မျှတစွာလုပ်ကိုင်ဆောင်ရွက်ရသည့် မဇ္ဈိမပဋိပဒါ လုပ်ငန်းပင်ဖြစ်သည်။ တစ်နည်းဆိုရပြန်သော် သမဝါယမလုပ်ငန်းသည် စီးပွားရေးမပါဘဲ ဝံသာနုရက္ခိတ ခေါ် အမျိုးသားစောင့်ရှောက်ရေး သက်သက်လည်း မဟုတ်၊ စီးပွားရေးတစ်ခုတည်းကိုသာ ရှေးရှုပြီး လုပ်ကိုင်ဆောင်ရွက်ရသောလုပ်ငန်းလည်းမဟုတ်၊ ထိုနှစ်ခုကြားတွင်ရှိသော မဇ္ဈိမပဋိပဒါ လုပ်ငန်းပင်ဖြစ်သည်။

ထို့ကြောင့် သမဝါယမလုပ်ငန်းကို ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံများရော ကွန်မြူနစ်စနစ်ကျင့်သုံးသောနိုင်ငံများကပါ လက်ခံပြီး လုပ်ကိုင်ဆောင်ရွက်နေကြခြင်းဖြစ်သည်။ သမဝါယမလုပ်ငန်းသည် ငွေကို အခြေခံမပြု၊ အမြတ်ကြီးရမှုကို ရှေးမရှု၊ လူတို့၏ ကာယအား၊ ဉာဏအားနှင့် အများအကျိုးသယ်ပိုးလိုသည့်စိတ်တို့ကို အခြေခံပြုပြီး အချင်းချင်းပူးပေါင်းဆောင်ရွက်ရေး၊ ကိုယ့်ကျင့်တရားမပျက်ပြားရေး၊ အတူတကွ လုပ်ကိုင်ဆောင်ရွက်ပြီး မျှဝေခံစားခွင့်ကို ရှေးရှုသည့် စီးပွားရေးလုပ်ငန်းများ တိုးတက်ရေးတို့ကို ဆောင်ရွက်သည့်လုပ်ငန်းပင်ဖြစ်သည်။



ပဲခူးတိုင်းဒေသကြီး ဝေါမြို့ မြို့ပေါ်ရပ်ကွက်များအတွင်းရှိ အိမ်ထောင်စုများအား မြို့နယ်သမဝါယမအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆန်များ ထောက်ပံ့ပေးအပ်စဉ်။ (၂၀၂၂ ခုနှစ် ဇူလိုင် ၂ ရက်)

**ကမ္ဘာ့နိုင်ငံအချို့တွင် သမဝါယမလုပ်ငန်းအောင်မြင်မှုများ**

သမဝါယမလုပ်ငန်းသည် မဇ္ဈိမပဋိပဒါလုပ်ငန်းဖြစ်သည့်အားလျော်စွာ လူတို့သည် သမဝါယမ၏ အခြေခံသဘောတရားများကို သိရှိနားလည်ပြီး စိတ်တူ၊ ကိုယ်တူ၊ ဆန္ဒတူသူများ အတူတကွ ပူးပေါင်း၍ သမဝါယမစနစ်ကို ယုံကြည်စွာဖြင့် ကျင့်သုံးလုပ်ကိုင် ဆောင်ရွက်ခဲ့ကြသည့်အတွက် ကမ္ဘာ့နိုင်ငံအချို့တွင် စီးပွားရေးလုပ်ငန်းများ အောင်မြင်လျက်ရှိရာ ကင်ညာနိုင်ငံတွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး ၄၅ ရာခိုင်နှုန်းသည် သမဝါယမအသင်းများမှ ရရှိကြောင်း၊ နယူးဇီလန်နိုင်ငံတွင် ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး၏ ၂၂ ရာခိုင်နှုန်းသည် သမဝါယမအသင်းများမှ ရရှိကြောင်း၊ အမေရိကန်ပြည်ထောင်စုရှိ လူဦးရေ၏ ၄၀ ရာခိုင်နှုန်းဖြစ်သော နိုင်ငံသားများသည် သမဝါယမအသင်းသားများဖြစ်ကြောင်းနှင့် ကမ္ဘာပေါ်တွင် သမဝါယမအသင်းအများဆုံးကို ပိုင်ဆိုင်ထားရာ 2009 Global 300 စာရင်းတွင် ထိပ်ဆုံးနေရာရရှိထားသောအသင်းမှာ Dairy Farmers of America ဖြစ်ပြီး နှစ်စဉ် Global 300 စာရင်းတွင် ပါဝင်ကြောင်း၊ ပြင်သစ်နိုင်ငံ၏ Credit Agricole Group အမည်ရှိ သမဝါယမဘဏ်သည် ပြင်သစ်နိုင်ငံနှင့် ကမ္ဘာ့သမဝါယမ ငွေကြေးအဖွဲ့အစည်းများတွင် အကြီးဆုံးဘဏ်စာရင်းဝင်ဖြစ်ကြောင်း၊ ကိုလံဘီယာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ ၂၄ ရာခိုင်နှုန်းမှာ သမဝါယမမှ တာဝန်ယူထားကြောင်း၊ ဆွစ်ဇာလန်နိုင်ငံတွင် ကုန်သွယ်မှုလုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းကို Migros နှင့် Suisse သမဝါယမအဖွဲ့အစည်းများက လုပ်ကိုင်ကြကြောင်း၊ ကမ္ဘာတစ်ဝန်း ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများ ပိုင်ဆိုင်သည့်လုပ်ငန်းများထက် ၂၀ ရာခိုင်နှုန်းပိုမိုသည့် လုပ်ငန်းပေါင်း သန်း ၁၀၀ ကို သမဝါယမအဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံတွင် နိုင်ငံ့ဈေးကွက်၏ ၆၈ ရာခိုင်နှုန်းအား China Co-op ခေါ် တရုတ်နိုင်ငံ ဝယ်ယူရောင်းချရေး သမဝါယမအသင်းမှ ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖင်လန်နိုင်ငံ၏ လက်လီရောင်းဝယ်မှုလုပ်ငန်းတွင် သမဝါယမရောင်းဝယ်မှုတန်ဖိုးသည် ၄၀ ရာခိုင်နှုန်းကျော် ပါဝင်တည်ရှိနေကြောင်း၊ ကမ္ဘာတစ်ဝန်း သမဝါယမဘဏ်လုပ်ငန်းများ၏ အခန်းကဏ္ဍတွင် ပြင်သစ်နိုင်ငံ၌ ၆၀ ရာခိုင်နှုန်း၊ ဩစတြီးယားနိုင်ငံ၌ ၅၀ ရာခိုင်နှုန်း၊ ဂျာမနီ၊ ဖင်လန်နှင့် နယ်သာလန်နိုင်ငံတို့၌ ၄၀ ရာခိုင်နှုန်းစီ၊ အီတလီနိုင်ငံ၌ ၂၀ ရာခိုင်နှုန်း၊ စပိန်နိုင်ငံနှင့် ပေါ်တူဂီနိုင်ငံတို့၌ ၁၀ ရာခိုင်နှုန်းစီ ပါဝင်ကြကြောင်း ကမ္ဘာ့မှတ်တမ်းများအရ လေ့လာသိရှိရပါသည်။

**မြန်မာနိုင်ငံ၏ သမဝါယမအသင်းများအခြေအနေ**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြောင့် လူအများ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသဖြင့် ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ မြန်မာနိုင်ငံတွင်လည်း ထိခိုက်နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုဖြစ်ပေါ်ခဲ့ သည့် အရပ်ဒေသများရှိ သမဝါယမအသင်းများ၏ စီးပွားရေးလုပ်ငန်းများ အပါအဝင် နိုင်ငံသားလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများ၌ ကိုဗစ်-၁၉ ဆိုင်ရာ လိုက်နာရမည့် စည်းကမ်းများဖြစ်သည့် နေအိမ်တွင်သာ နေထိုင်ရခြင်း၊ ခရီးသွားလာမှုများ ကန့်သတ်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများ ပိတ်ထားခဲ့ရခြင်းစသည့် ကန့်သတ်ထိန်းချုပ်မှုများကြောင့် ကုန်ထုတ်လုပ်မှုများ ကျဆင်းခြင်း၊ ကုန်စည်စီးဆင်းမှုများ နှေးကွေးခြင်း၊ ရောင်းဝယ်ဖောက်ကားမှုများ အရှိန်အဟုန်တန့်သွားခြင်းနှင့် ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းသွားခြင်းစသည့် စီးပွားရေးစိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပေသည်။

ယခုအခါ အဆိုပါ စီးပွားရေးစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေး၊ စီးပွားရေး အကျပ်အတည်းများကို ဖြေလျှော့ပေးနိုင်ရေးနှင့် အလုံးစုံပပျောက်ရေးတို့အတွက် နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များ၊ သက်ဆိုင်ရာပညာရှင်များက နည်းလမ်းမျိုးစုံဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းကဏ္ဍ၊ သမဝါယမကဏ္ဍတို့တွင် နိုင်ငံ့စီးပွား ပြန်လည်တိုးတက်ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပေသည်။

ထိခိုက်နစ်နာဆုံးရှုံးခဲ့ရသည့် သမဝါယမစီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင်လုပ်ကိုင်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ပံ့ပိုးကူညီမှုများကို ရယူပြီး သမဝါယမအသင်းနှင့် အသင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် သမဝါယမအသင်းများ ရှိသကဲ့သို့ သမဝါယမအသင်းသားများ၏ စုပေါင်းအားကို အခြေခံပြီး ကိုယ့်အားကိုယ်ကိုးခြင်း၊ ကိုယ်တိုင်တာဝန်ယူဆောင်ရွက်ခြင်း၊ အများဆန္ဒနှင့်အညီ စီမံခန့်ခွဲခြင်း၊ တန်းတူညီမျှခြင်း၊ တရားမျှတခြင်း၊ စည်းလုံးညီညွတ်ခြင်းဆိုသည့် သမဝါယမအနှစ်သာရ ပြည့်ဝစွာဖြင့် မိမိတို့ သမဝါယမအသင်းနှင့် အသင်းသားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေသည့် အောင်မြင်နေသော သမဝါယမအသင်းများလည်း ရှိပေသည်။

**အနှစ်သာရပြည့်ဝစွာ အောင်မြင်နေသော သမဝါယမအသင်း**

မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုလုပ်ငန်းများကို သမဝါယမအသင်းများက နေရာဒေသနှင့် အခြေအနေဖန်တီးနိုင်မှုအပေါ် အခြေခံ၍ သမဝါယမစနစ်နှင့်အညီ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြေခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ လိုအပ်ချက်များကို သမဝါယမစနစ်နှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးရန်အလို့ငှာ ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ဝန်ဆောင်မှုလုပ်ငန်းများအနက် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းကို သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သမဝါယမအသင်းဖွဲ့စည်းပြီး အသင်းနှင့် အသင်းသားများအကျိုး သယ်ပိုးဆောင်ရွက်ပေးသည့် အောင်မြင်နေသော သမဝါယမအသင်းများထဲမှ ငွေစုငွေချေး သမဝါယမအသင်းတစ်သင်းကို ထုတ်နုတ်တင်ပြလိုပါသည်။ ထိုသမဝါယမအသင်းကား မန္တလေးမြို့ စည်ပင်သာယာငွေစုငွေချေး သမဝါယမအသင်းပင်ဖြစ်ပေသည်။

မန္တလေးမြို့ စည်ပင်သာယာငွေစုငွေချေး သမဝါယမအသင်းသည် ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့ကတည်းက ဖွဲ့စည်းခဲ့သည့် သမဝါယမအသင်းဖြစ်ကြောင်း၊ ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေအရ ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် အသင်းသား ၁၀၃၂ ဦး၊ မတည်ငွေကျပ် ၁၄ ဒသမ ၅ သိန်းဖြင့်

*စာမျက်နှာ ၁၇ သို့*

**သမဝါယမလုပ်ငန်းကို ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံများရော ကွန်မြူနစ်စနစ် ကျင့်သုံးသောနိုင်ငံများကပါ လက်ခံပြီး လုပ်ကိုင်ဆောင်ရွက်နေကြခြင်းဖြစ်သည်။ သမဝါယမလုပ်ငန်းသည် ငွေကို အခြေခံမပြု၊ အမြတ်ကြီးရမှုကို ရှေးမရှု၊ လူတို့၏ ကာယအား၊ ဉာဏအားနှင့် အများအကျိုးသယ်ပိုးလိုသည့်စိတ်တို့ကို အခြေခံပြုပြီး အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ ကိုယ့်ကျင့်တရားမပျက်ပြားရေး၊ အတူတကွ လုပ်ကိုင်ဆောင်ရွက်ပြီး မျှဝေခံစားခွင့်ကို ရှေးရှုသည့် စီးပွားရေး လုပ်ငန်းများ တိုးတက်ရေးတို့ကို ဆောင်ရွက်သည့်လုပ်ငန်းပင်ဖြစ်**

## မိုင်းယောင်းမြို့၌ မိုးသည်းထန်စွာသွန်းပြီး နမ့်လျန်ချောင်းနှင့် နမ့်ဝမ်ချောင်း ရေကြီး

**မိုင်းယောင်း ဩဂုတ် ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ဩဂုတ် ၅ ရက် နံနက် ၈ နာရီက မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေစီးဆင်းမှုကြောင့် နမ့်လျန်ချောင်းနှင့် နမ့်ဝမ်ချောင်း ရေကြီးမှုဖြစ်ပေါ်ကြောင်း သိရသည်။

နမ့်လျန်ချောင်း ရေကြီးမှုကြောင့် ဝမ်တပ်ကျေးရွာအုပ်စု ဝမ်ဘန်းကျေးရွာ၊ ဝမ်လဲကျေးရွာ၊ ဝမ်ဒေကျေးရွာနှင့် ဝမ်မိုင်ကျေးရွာရှိ လူနေအိမ်များသို့ ရေဝင်ရောက်ခဲ့သည်။ ထို့ပြင် နမ့်ဝမ်ချောင်းရေကြီးမှုကြောင့် ဝမ်တပ်ကျေးရွာအုပ်စု ဟိုရမ်းကျေးရွာနှင့် ဝမ်ဘိုးကျေးရွာအုပ်စု လော့ဟန်ကျေးရွာ၊ ယမ်းမွန်းကျေးရွာတို့တွင် ဟိုရမ်း-ဝမ်ဘန်းလမ်း တစ်ပေခန့် ရေကျော်ခဲ့ပြီး လယ်များ ရေနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သည်။



ချောင်းရေကြီးသည့်နေရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက သွားရောက်ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

**စိုင်းအောင်ဖော်လင်း(ပြန်/ဆက်)**

## တနင်္သာရီ မြစ်ရေကြီးမှုကြောင့် ပိတ်ထားသည့် အခြေခံပညာကျောင်း ၂၈ ကျောင်း ပြန်ဖွင့်

**တနင်္သာရီ ဩဂုတ် ၅**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ ဇူလိုင်လအတွင်း မိုးများသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် တနင်္သာရီမြစ်ရေများကြီးသဖြင့် ယာယီပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်း ၅၃ ကျောင်းအနက် ၂၈ ကျောင်းကို ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါမြစ်ရေသည် ဩဂုတ် ၁ ရက်မှစ၍ တဖြည်းဖြည်းလျော့ကျလာခဲ့ရာ ဩဂုတ် ၅ ရက် နံနက်ပိုင်းမှစ၍ ကျောင်း ၂၈ ကျောင်းကို စုပေါင်းသန့်ရှင်းပြီးနောက် ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်ပြီး ကျန်ရှိသည့် အနိမ့်ပိုင်းရှိ ၂၅ ကျောင်းကိုလည်း မြစ်ရေထပ်မံကျဆင်းသွားပါက ဆက်လက်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဦးမျိုးမြတ်ဦးထံမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ရွှေတောင်မြို့နယ်၌ ကမ်းပါးပြိုကျ

**ရွှေတောင် ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် စကားမြားကျေးရွာ ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ကမ်းပါးပြိုကျမှုဖြစ်ပွားသည့်နေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက ကမ်းပြိုမှုအခြေအနေ၊ ရေကြောင်းစီးဆင်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မြစ်ကမ်းပါးပြိုကျမှုအန္တရာယ်ရှိသည့် စကားမြားကျေးရွာမြောက်ပိုင်းရှိ အိမ်ထောင်စု ၂၃ စု၊ လူဦးရေ ၇၉ ဦးတို့အား ဘေးလွတ်ကင်းရာ ကျေးရွာတောင်ပိုင်းသို့ ယာယီပြောင်းရွှေ့နေထိုင်နိုင်ရေး၊ ယာယီပြောင်းရွှေ့နေထိုင်သူများ၏ စားဝတ်နေရေးတို့ကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ ဧရာဝတီမြစ်ရေ ကျဆင်းသဖြင့် စာသင်ကျောင်းငါးကျောင်း ပြန်ဖွင့်

**ပွင့်ဖြူ ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ယာယီပိတ်ထားရသည့် စာသင်ကျောင်းများအနက် စာသင်ကျောင်းငါးကျောင်းမှာ မြစ်ရေကျဆင်းသွားသဖြင့် ဩဂုတ် ၅ ရက်က ပြန်လည်ဖွင့်လှစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဧရာဝတီမြစ်ရေ ကျဆင်းသွားသဖြင့် ငှက်တောကုန်းကျေးရွာ၊ ကျောင်းစုကျေးရွာ၊ ကံလှကျေးရွာ၊ ထူးကျေးရွာနှင့် မြင်းခြံစုကျေးရွာ မူလတန်းကျောင်းငါးကျောင်းတို့ဖြစ်ပြီး ကျောင်းသားကျောင်းသူများ ကျောင်းသင်ခန်းစာနောက်မကျစေရေးအတွက် တနင်္ဂနွေနေ့ ကျောင်းပိတ်ရက်များတွင် အစားထိုးဖွင့်လှစ် သင်ကြားပေးမည်ဖြစ်သည်။

ပွင့်ဖြူမြို့နယ်၌ ဧရာဝတီမြစ်ရေ မြင့်တက်ခဲ့မှုကြောင့် ရေဝင်ရောက်ခဲ့သည့် စာသင်ကျောင်း ၃၀ ရှိ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ရေဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် ယာယီပိတ်ထားခဲ့ရပြီး ယခုအခါ ဧရာဝတီမြစ်ရေမှာ တဖြည်းဖြည်း ပြန်လည် ကျဆင်းလာသည့်အတွက် ဇူလိုင် ၂၅ ရက်မှ ယနေ့အထိ စာသင်ကျောင်း ၂၃ ကျောင်းကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ညွန့်ဌေးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မန်းချောင်းရေပြန်လည်ကျဆင်း၍ မန်းရွှေစက်တော်ဘုရားကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**မင်းဘူး ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီးတွင် မန်းချောင်းရေပြန်လည်ကျဆင်းနေပြီဖြစ်၍ အောက်စက်တော်ရာရင်ပြင်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဩဂုတ် ၅ ရက်က ဆောင်ရွက်သည်။

အောက်စက်တော်ရာ ရင်ပြင်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဂေါပကအဖွဲ့က ဦးဆောင်ပြီး ဘုရားဝန်ထမ်းများ၊ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ ရွှေစက်တော်နယ်မြေမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၄၀ ခန့်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

မန်းရွှေစက်တော်ဘုရားကြီး အောက်စက်တော်ရာ ရင်ပြင်အထက်၌ ဩဂုတ် ၁ ရက် ညနေပိုင်းမှစတင်ပြီး မန်းချောင်းရေများ ဖြတ်ကျော်စီးဆင်းခဲ့ကြောင်း၊ ဩဂုတ် ၃ ရက် ညပိုင်းတွင် မန်းချောင်းရေ သိသိသာသာ ပြန်လည်ကျဆင်းပြီး ၄ ရက်နေ့ နံနက်ပိုင်းတွင် ရေကျော်မှုရပ်တန့်သွားခဲ့ကြောင်း၊ ယခုနှစ် မန်းရွှေစက်တော်ဘုရားကြီးတွင် အများဆုံးရေကျော်အမှတ်မှာ ရင်ပြင်အထက် ၅ ပေခန့်ဖြစ်ပြီး အောက်စက်တော်ရာ ဖန်အုပ်ဆောင်းတော်မြုပ်သည်အထိ အမြင့်ဆုံးရောက်ရှိခဲ့ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့မှ သိရသည်။

**မောင်မောင် (မင်းဘူး)**

*စာမျက်နှာ ၁၆ မှ*

အသင်းကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ အဆိုပါအသင်းသည် မန္တလေးမြို့ စည်ပင်သာယာဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသည့် ဝန်ထမ်းငွေစုငွေချေး သမဝါယမအသင်းတစ်သင်းဖြစ်ကြောင်း၊ အသင်းကို အမှုဆောင်အဖွဲ့ဝင် ငါးဦး၊ အသင်းစာရင်းစစ် နှစ်ဦးတို့ဖြင့် စီမံခန့်ခွဲ၍ အသင်း ဝန်ထမ်း ငါးဦး ခန့်အပ်ထားပြီး အသင်း၏လုပ်ငန်းများကို အဆင်ပြေချောမွေ့စွာဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်း၏ ရည်ရွယ်ချက်မှာ အသင်းသားဝန်ထမ်းများ စည်းလုံးညီညွတ်စွာ အတူတကွ ပူးပေါင်းဆောင်ရွက်ပြီး သမဝါယမစနစ်ဖြင့် ငွေစုဆောင်းခြင်း၊ ငွေချေးယူခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် အသင်းသားဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို ဆောင်ရွက်ပေးနိုင်ရန်ဖြစ်ကြောင်း၊ ယခုအခါ အသင်းသားအင်အား ၂၂၀၀ အထိ ပါဝင်လာပြီး အသင်း၏ မတည်ငွေဖြစ်သည့် အသင်းသားအစုငွေကျပ် သိန်း ၁၁၀၊ အသင်းသားစုဆောင်းငွေကျပ် ၁၀၆၉၃ ဒသမ ၀၉ သိန်းအထိ ရှိလာပြီဖြစ်သည့်အတွက် မန္တလေးမြို့တွင် အင်အားအတောင့်တင်းဆုံးသော ငွေစုငွေချေး အခြေခံသမဝါယမအသင်းတစ်သင်းဖြစ်ကြောင်း၊ အသင်းသားများအား ချေးငွေထုတ်ချေးပေးရာတွင် အသင်းသားတစ်ဦးလျှင် အနည်းဆုံး ငွေကျပ် ငါးသိန်းမှ အများဆုံးငွေကျပ် ၁၅ သိန်းအထိကို ချေးငွေကာလ (၆)လ/(၁၀)လ သတ်မှတ်၍ ထုတ်ချေးပေးကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အသင်းသားများထံသို့ ချေးငွေကျပ် ၁၅၁၃၄ ဒသမ ၂ သိန်းကို ထုတ်ချေးပေးနိုင်ခဲ့ကြောင်း၊ အသင်းသားများ၏ စုဆောင်းငွေအပေါ် ပြန်ပေးသည့်အတိုးနှုန်းမှာ ၇၅ ပြားဖြစ်ပြီး အသင်းသားများ လိုအပ်ချိန်တွင် ချက်ချင်းပြန်လည်ထုတ်ပေးကြောင်း၊ ယခု ဘဏ္ဍာရေးနှစ်တွင် အသင်းသားများ၏ စုဆောင်းငွေအပေါ် အတိုးအနေဖြင့် ငွေကျပ် ၈၉၇ ဒသမ ၉၂၅ သိန်းကို ထုတ်ပေးနိုင်ခဲ့ကြောင်း၊ အလားတူ အသင်းသား ၂၂၀၀ အား အသင်းသားအကျိုးဝေစုအနေဖြင့် အသင်းသားချီးမြှင့်ငွေနှင့် အစုပေါ်ချီးမြှင့်ငွေကိုလည်း ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် အသင်းသားနှင့် အသင်းသားမိသားစုများ နာရေးကိစ္စပေါ်ပေါက်ခဲ့ပါက အသင်းသားတစ်ဦးလျှင် နာရေးထောက်ပံ့ငွေအဖြစ် ငွေကျပ် ၇၀၀၀၀ ထောက်ပံ့ပေးကြောင်း၊ အသင်းဝန်ထမ်းများကို လက်ရှိတာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများထဲမှ သင့်တော်သူများအား တာဝန်ပေးခန့်အပ်ထားခြင်းဖြစ်ပြီး ၎င်းတို့နိုင်ငံတော်မှရရှိသည့် လစာနှုန်းထားအတိုင်း အသင်းမှလည်း ဝန်ထမ်းလစာကို သတ်မှတ်ထုတ်ပေးကြောင်း သိရှိရပါသည်။

အဆိုပါအသင်းသည် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ချမ်းအေးသာစံမြို့နယ် သမဝါယမဦးစီးဌာန၏ အနီးကပ်ထိန်းကျောင်း တည့်မတ်ပေးမှု၊ အသင်းအမှုဆောင်အဖွဲ့ဝင်များ၏ ရိုးသားခြင်း၊ ပွင့်လင်းခြင်း၊ လူမှုရေးစိတ်ဓာတ်ရှိခြင်း၊ အများအကျိုးအလေးထားခြင်းဆိုသည့် သမဝါယမကျင့်ဝတ်နှင့်အညီ စေတနာထား လုပ်ကိုင်ဆောင်ရွက်ပေးမှုတို့ကြောင့် အသင်းသားများ၏ သက်သာချောင်ချိရေးနှင့် ငွေကိုခြွေတာသုံးစွဲပြီး လစဉ်စုဆောင်းတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ အသင်းသားများ၏အကျိုးကို သယ်ပိုးဆောင်ရွက်ပေးနိုင်သည်သာမက နိုင်ငံတော်ဘဏ္ဍာသို့လည်း အခွန်တော်ငွေများကို သတ်မှတ်ပြဋ္ဌာန်းထားသည့် အခွန်ဥပဒေနှင့်အညီ နှစ်စဉ်ပေးသွင်းခဲ့ပြီး ယခုအခွန်စည်းကြပ်သည့် ဘဏ္ဍာရေးနှစ်အတွက်လည်း နိုင်ငံတော်ဘဏ္ဍာသို့ အခွန်ဥပဒေနှင့်အညီ အခွန်တော်ငွေများပေးဆောင်နိုင်ရေး လျာထားစီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

သမဝါယမအသင်းတစ်သင်း၏ လုပ်ဆောင်ချက် အောင်မြင်မှုရှိ/မရှိဆိုသည့်အချက်ကို ဖော်ထုတ်တင်ပြရာ၌ အသင်းကို ဦးဆောင်ဦးရွက်လုပ်ကိုင်သူ အမှုဆောင်အဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်ပြီး သမဝါယမကျင့်ဝတ်နှင့်အညီ စီမံခန့်ခွဲလုပ်ဆောင်နိုင်မှု၊ ဆန္ဒအလျောက် ပူးပေါင်းပါဝင်ကြသူ အသင်းသားများကလည်း မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်နှင့် လိုအင်ဆန္ဒများ ဖြည့်ဆည်းရန်အလို့ငှာ ပူးပေါင်းပိုင်ဆိုင်ပြီး အများဆန္ဒနှင့်အညီ ကိုယ်တိုင်စီမံခန့်ခွဲဆောင်ရွက်ရသည့် စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် စိတ်တူ၊ ကိုယ်တူ၊ ဆန္ဒတူဖြင့် အတူတကွပူးပေါင်းလုပ်ဆောင်ကြရမည်ဆိုသည့် အချက်ကို သိရှိလိုက်နာမှုစသည့် ကောင်းမွန်မှန်ကန်သော အသိတရားနှင့် လုပ်ဆောင်ချက်များ ပေါ်လွင်ထင်ရှားအောင် ဖော်ထုတ်တင်ပြနိုင်ရမည်ဖြစ်ပါသည်။

မန္တလေးမြို့ စည်ပင်သာယာ ငွေစုငွေချေး သမဝါယမအသင်းတွင် အသင်းသားထောင်နှင့်ချီ၍ များပြားပြီး အသင်း၏ဘဏ္ဍာရေးအခြေအနေကောင်းမွန်ကာ အသင်းသားအကျိုးသယ်ပိုးပေးနိုင်ခဲ့ခြင်းသည် ယခုတင်ပြခဲ့သည့် ကောင်းမွန်မှန်ကန်သော အသိတရား၊ လုပ်ဆောင်ချက်များ ရှိသင့်သလောက်ရှိနေခြင်းကြောင့် အောင်မြင်နေသော သမဝါယမအသင်းအဖြစ် ထုတ်ဖော်တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသော သမဝါယမအသင်းများအနေဖြင့် အောင်မြင်နေသော သမဝါယမအသင်းများ၏ လုပ်ငန်းဆောင်ရွက်ပုံနည်းစနစ်၊ အမှုဆောင်အဖွဲ့ဝင်တိုင်းတွင် ရှိရမည့် လုပ်ငန်းစွမ်းဆောင်ရည်၊ ထမ်းဆောင်ရမည့်တာဝန်၊ လိုက်နာရမည့်စည်းကမ်း၊ စောင့်ထိန်းရမည့် ကျင့်ဝတ်တို့နှင့်အညီ နေထိုင်လုပ်ကိုင်ဆောင်ရွက်မှု၊ အသင်းသားတိုင်း သိရှိလိုက်နာရမည့် သမဝါယမအခြေခံသဘောတရားနှင့် သမဝါယမစိတ်ဓာတ်တို့ကို စံနမူနာယူ၍ လူမှုစီးပွားအကျိုးများအောင်၊ ရှေ့ဆောင်လမ်းပြ သမဝါယမအသင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြပါရန် အကြံပြုတိုက်တွန်း ရေးသားတင်ပြလိုက်ရပေသည်။ ။

# ရေသည် နိုင်ငံ့အရေးနှင့် ကျေးလက်ရေရရှိရေးမဟာဗျူဟာကို ဆန်းစစ်ခြင်း

**ခန့်ဇော်(ကျေးလက်)**

- **လျှပ်စစ်ဓာတ်အားသည် ခေတ်သစ်လူနေမှုဘဝတွင် မရှိမဖြစ် အရေးပါသောကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ဖြန့်ဖြူး၊ သုံးစွဲမှုဆိုင်ရာမူဝါဒများသည် လူ့အဖွဲ့အစည်းနှင့် စီးပွားရေးအတွက် ကြီးမားသောသက်ရောက်မှုများဖြစ်ပေသည်**
- **ရေသည် စွမ်းအင်အတွက် အရေးကြီးလိုအပ်ပြီး လျှပ်စစ်မီးသည်လည်း နေ့စဉ်လူနေမှုဘဝ၊ စားဝတ်နေရေးတို့အတွက် မရှိမဖြစ်လိုအပ်သလို ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် လျှပ်စစ်စွမ်းအင်ကို နိုင်ငံအတွက် လုံလောက်အောင် ထုတ်လုပ်နိုင်ရန်လိုအပ်ပြီး နည်းလမ်းမျိုးစုံသုံး၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန် မူဝါဒများချမှတ်စီမံရမည်ဖြစ်သကဲ့သို့ တာဝန်ရှိသည့်ဌာနများအား လုပ်ဆောင်နိုင်ရေး တွန်းအားပေး၍ ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးရပါမည်**

*ယမန်နေ့မှအဆက်*

### လျှပ်စစ်စွမ်းအင်သည် နိုင်ငံ့အရေး

**စွမ်းအင်ဆိုင်ရာမူဝါဒနှင့် စည်းမျဉ်း။** ။ နိုင်ငံတော်အစိုးရသည် လျှပ်စစ်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် သုံးစွဲခြင်းတို့အတွက် မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ပေးလျက်ရှိပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ပြန်လည်ပြည့်ဖြိုးမြဲမဟုတ်သော စွမ်းအင်များနှင့်ပတ်သက်၍ ထောက်ပံ့ကြေးနှင့် ဓာတ်ငွေ့ထုတ်လွှတ်မှုဆိုင်ရာ စည်းမျဉ်းများသည် နိုင်ငံရေးအခင်းအကျင်းအပေါ် သိသိသာသာ သက်ရောက်လွှမ်းမိုးမှုရှိပါသည်။

**အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှု။** ။ ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့အတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်လျက်ရှိပြီး နိုင်ငံတော်ဘတ်ဂျက်လိုအပ်ချက်နှင့် ဖြည့်ဆည်းပေးနိုင်မှုအပေါ်မူတည်၍ ပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ရန်ပုံငွေပါဝင်ရင်းနှီးမြှုပ်နှံမှုသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။

**စွမ်းအင်လုံခြုံရေး။** ။ တည်ငြိမ်သော လျှပ်စစ်ဓာတ်အားရရှိရေးသည် နိုင်ငံ၏ အမျိုးသားလုံခြုံရေးအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပထဝီနိုင်ငံရေးတင်းမာမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ ဈေးကွက်အတက်အကျများနှင့် ဆက်စပ်နေမှုများ စသည်တို့ကို လျော့ပါးစေရန် မတူကွဲပြားသည့် စွမ်းအင်အရင်းအမြစ်များ သုံးစွဲနိုင်ရန်၊ လွတ်လပ်စွာဆောင်ရွက်နိုင်ရန် နိုင်ငံအများစု ဦးစားပေးလုပ်ဆောင်နေကြသည်ကို လေ့လာတွေ့ရှိရပါသည်။

**စီးပွားရေးအကျိုးသက်ရောက်မှု ။** ။ လျှပ်စစ်ဓာတ်အားသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် မရှိမဖြစ်အရေးပါပြီး အိမ်ထောင်စုများ၊ စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုအဆင့်အတန်းများအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိပါသည်။

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှုအရေးကိစ္စများ။** ။လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို လျှော့ချရန်အတွက် နိုင်ငံတကာတွင် ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးချခြင်း၊ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များအတွက် မူဝါဒများ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။

**လူမှုအဆင့်အတန်းသာတူညီမျှရှိမှု ။** ။ စွမ်းအင်လိုအပ်ချက်ကိုလျှော့ချရန် ရည်ရွယ်သည့် အစီအစဉ်များ နိုင်ငံတိုင်းတွင်ရှိပြီး နိုင်ငံတစ်နိုင်ငံတွင် လျှပ်စစ်ဓာတ်အားကို လူတန်းစားအစုံ မျှမျှတတ ရရှိစေရေးသည် အဓိကကျသည့် နိုင်ငံရေးရည်မှန်းချက်တစ်ခုအဖြစ် ရပ်တည်လျက်ရှိပေသည်။

**ကမ္ဘာ့နိုင်ငံရေး။** ။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီချက်များနှင့် နပ်စပ်ဖြတ်ကျော်စွမ်းအင်ကုန်သွယ်မှုကဲ့သို့သော နိုင်ငံတကာသဘောတူညီချက်များနှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များတွင် ရှုပ်ထွေးသော နိုင်ငံရေးညှိနှိုင်းမှုများပါဝင်နေပြီး နိုင်ငံအနေဖြင့် အမျိုးသားအကျိုးစီးပွားကို ရှေးရှု၍ ကမ္ဘာလုံးဆိုင်ရာ ကတိကဝတ်များနှင့် ဟန်ချက်ညီမျှမှုရှိစေရေး ချိန်ညှိရန် လိုအပ်ပါသည်။

**ပြည်သူလူထု၏သဘောထားနှင့် ရွေးကောက်ပွဲများ။** ။ စွမ်းအင်မူဝါဒများသည် ရွေးကောက်ပွဲများတွင် အရေးပါသောကိစ္စရပ်တစ်ခုဖြစ်နိုင်ပြီး ပါတီကိုယ်စားလှယ်များသည် လျှပ်စစ်ဓာတ်အားခ၊ ဓာတ်အားရရှိမှုစသော စွမ်းအင်ဆိုင်ရာပြဿနာများကို ဖြေရှင်းပေးမည်ဟု ကတိပြုရင်း မဲဆွယ်စည်းရုံးမှုများ ပြုလုပ်လေ့ရှိကြပါသည်။ လျှပ်စစ်ဓာတ်အားသည် ခေတ်သစ်လူနေမှုဘဝတွင် မရှိမဖြစ် အရေးပါသောကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ဖြန့်ဖြူး၊ သုံးစွဲမှုဆိုင်ရာမူဝါဒများသည် လူ့အဖွဲ့အစည်းနှင့် စီးပွားရေးအတွက် ကြီးမားသောသက်ရောက်မှုများဖြစ်ပေသည်။

ရေသည် စွမ်းအင်အတွက် အရေးကြီးလိုအပ်ပြီး လျှပ်စစ်မီးသည်လည်း နေ့စဉ် လူနေမှုဘဝ၊ စားဝတ်နေရေးတို့အတွက် မရှိမဖြစ်လိုအပ်သလို ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် လျှပ်စစ်စွမ်းအင်ကို နိုင်ငံအတွက် လုံလောက်အောင် ထုတ်လုပ်နိုင်ရန်လိုအပ်ပြီး နည်းလမ်းမျိုးစုံသုံး၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန် မူဝါဒများချမှတ်စီမံရမည် ဖြစ်သကဲ့သို့ တာဝန်ရှိသည့်ဌာနများအား လုပ်ဆောင်နိုင်ရေး တွန်းအားပေး၍ ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးရပါမည်။ အသစ်တည်ဆောက်နိုင်ဖို့ အဟောင်းဖျက်ဆီးနေတာတွေကို ရပ်သင့်ပါပြီ။ လုပ်နိုင်ရန်လည်း ရန်ပုံငွေရှိရပါမည်။ ရန်ပုံငွေရှိဖို့ ပြည်သူများကလည်း လျှပ်စစ်မီတာခများ မပျက်မကွက် ပေးဆောင်ကြရန်လိုအပ်သကဲ့သို့ လိုအပ်သည့် ရန်ပုံငွေရရှိရန် စီးပွားရေးကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး စီးပွားရေးကောင်းဖို့ နိုင်ငံတည်ငြိမ်အေးချမ်းရန်လည်းလိုအပ်ပါသည်။ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ပေးရန် လိုအပ်သည့်အပြင် ကုန်ကျငွေကာမိစေသည့် တန်ရာတန်ကြေးဖြစ်မည့် အခွန်အခနှုန်းထားများဖြစ်ရန်နှင့် အမှန်ပေးဆောင်ရန်လည်း လိုအပ်ပါသည်။ လျှပ်စစ်မီတာခကို မိမိတို့နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား နှိုင်းယှဉ်ကြည့်ပါက မိမိတို့နိုင်ငံက များစွာသက်သာနေသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် နိုင်ငံတကာနှင့် လိုက်လျောညီထွေဖြစ်ပြီး ခေတ်ကာလနှင့်လျော်ညီသော သင့်တင့်သည့် နှုန်းထားတစ်ရပ်ကိုပြင်ဆင်ရန် လိုအပ်ပါသည်။ သို့မှသာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်နိုင်ပေမည်။ ကန့်ကွက်သူများလည်း ရှိနိုင်ပါသည်။ သို့ရာတွင် လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ဆောင်ရန်လိုအပ်ပြီး လျှပ်စစ်ဓာတ်အားကို ချွေတာသုံးစွဲကြရန် လိုအပ်ပါသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် သုံးစွဲရန်နှင့် ပြည်တွင်းအတွက် ဖူလုံမှုရှိရုံသာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည်အထိ ထုတ်ကုန်များများ ထုတ်လုပ်တင်ပို့နိုင်မှသာ နိုင်ငံ့စီးပွားတိုးတက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများ အသစ်တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းများအတွက် ရန်ပုံငွေရရှိ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ဆောင်ရွက်သင့်သည်များကို မလုပ်ဆောင်ပါက တာဝန်မကျေပွန်ရာ ရောက်မည်ဖြစ်သကဲ့သို့ အဟောင်းများလည်းမပြုပြင်နိုင်၊ အသစ်များလည်း မတည်ဆောက်နိုင်ဖြစ်ပြီး အမှောင်ထဲတွင် ထိုင်နေကြရပေလိမ့်မည်။ ထို့အပြင် လည်ပတ်နေသည့် စက်ရုံများ လည်း ရပ်တန့်ကုန်လိမ့်မည်။ စက်ရုံများ ရပ်တန့်သွားပါက အလုပ်လက်မဲ့များ များလာမည် ဖြစ်ပါသည်။ နိုင်ငံ့အရေးဖြစ်သည့်အတွက် နိုင်ငံရေးကို အသုံးချကန့်ကွက်ဆန့်ကျင်သူများကို အလေးမထားဘဲ ပြည်သူများ သိရှိနားလည် လက်ခံလာစေရန် ရှင်းပြအသိပညာပေးရပါမည်။ ကဏ္ဍတစ်ခုနှင့်တစ်ခု၏ ချိတ်ဆက်မှု၊ ဆက်စပ်ဖြစ်တည်မှုကို နားလည်သဘောပေါက်အောင်ရှင်းပြပြီး လျှပ်စစ်ဓာတ်အား လုံလုံလောက်လောက် ထုတ်လုပ်နိုင်ရန် အားပေးလုပ်ဆောင်ကြရပါမည်။

"ရေအသက်တစ်မနက်"ဟူ၍ ရေသည် ကျန်းမာရေးအတွက် အရေးကြီးကြောင်းကို တင်စားပြောဆိုကြပေသည်။ သန့်ရှင်းသော သောက်သုံးရေရရှိရန် စီမံဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ရေဖူလုံမှုမရှိခြင်းနှင့် လျှပ်စစ်မီးမရရှိခြင်းများသည်လည်း ဆင်းရဲခြင်းတစ်မျိုး ဖြစ်ပေသည်။ ကျွန်တော်တို့ ဘာကြောင့်ဆင်းရဲသလဲ အဖြေရှာကြည့်မည်ဆိုပါက စီးပွားရေးမကောင်းလို့၊ စီးပွားရေးလုပ်ကိုင်ရန် ငြိမ်းချမ်းမှုမရှိလို့၊ လျှပ်စစ်မီးလုံလောက်မှုမရှိလို့၊ ထုတ်ကုန်ထုတ်လုပ်တင်ပို့နိုင်မှု နည်းပါးလို့၊ စည်းလုံးညီညွတ်မှုမရှိလို့၊ နိုင်ငံရေးမတည်ငြိမ်လို့ စသည့်အကြောင်းအရာများပင်ဖြစ်ပါသည်။ အခြေခံအဆောက်အဦများ ဖျက်ဆီးခြင်းများကို အားမပေးကြပါနဲ့။ တားဆီးပေးကြပါ။ ဝိုင်းဝန်းထိန်းသိမ်းပေးကြပါ။ မတားဆီးနိုင်ပါက ရှေ့တိုးနိုင်မည်မဟုတ်ပါ။ ၂၀၃၀ ပြည့်နှစ် မျှော်မှန်းချက်များ ပြည့်မီရေး ကြိုးစားဆောင်ရွက်ရာတွင် ဒေသများ တည်ငြိမ်အေးချမ်းမှု၊ နိုင်ငံ့စီးပွားရေးတိုးတက်မှုရှိမှသာ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဒေသအားလုံး တည်ငြိမ်အေးချမ်းရေးအတွက် အဖွဲ့အစည်းအားလုံး၊ ပြည်သူအားလုံးတို့က သတိ၊ ဉာဏ်ပညာနှင့် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရင်း......။ ။

**ရည်ညွှန်းကိုးကားချက်**


- **ကျေးလက်ဒေသများရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ပါ ကျေးလက်ရေရရှိရေးကဏ္ဍအား ပြန်လည်ဆန်းစစ်သုံးသပ်ခြင်း အစီရင်ခံစာ (၂၀၂၄ ခုနှစ်၊ မေလ)**
- **https: // www.statista.com / statistics/1423382/access-clean-drinking-water-east-southeast-asia-by-country/**


## ကန့်ဘလူမြို့၌ ကိုယ်ဝန်ဆောင်မိခင်များအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

**ကန့်ဘလူ ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းမှ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း လုပ်ငန်းများကို ဩဂုတ် ၅ ရက်တွင် ကန့်ဘလူမြို့ မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ကျန်းမာရေးဝန်ထမ်းများက အခမဲ့ဆောင်ရွက်ပေးသည်။

ကျန်းမာရေး စောင့်ရှောက်မှုများအဖြစ် ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်အလေးချိန် ချိန်ခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ဝမ်းဗိုက်စမ်းသပ်စစ်ဆေး၍ သန္ဓေသားအနေအထား မှန်ကန်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ ပြုပြင်ပေးခြင်း၊ HIV၊ ဆစ်ဖလစ်ရောဂါ ရှိ/မရှိ သွေးဖောက်စစ်ဆေးပေးခြင်း၊ လက်ရှိရောဂါဝေဒနာ ရှိ/မရှိ မေးမြန်းပြီး လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းကို လစဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**



## ရေစကြိုမြို့နယ် အလယ်ကျောကျေးရွာနှင့် ကိုရင့်ကျေးရွာတို့ကို တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူတစ်ဦး သေဆုံးပြီး ကလေးနှစ်ဦး အပါအဝင် သုံးဦးဒဏ်ရာများ ရရှိခဲ့သည်ဟု သတင်းအမှားများ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အလယ်ကျောကျေးရွာနှင့် ကိုရင့်ကျေးရွာတို့ကို တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူတစ်ဦး သေဆုံးပြီး ကလေးနှစ်ဦး အပါအဝင် သုံးဦး ဒဏ်ရာများ ရရှိခဲ့သည်ဟု သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရန်အတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာမှ လက်နက်ကြီးကျည်များသည် ဒေသခံပြည်သူများနေထိုင်ရာ အိမ်များပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ကို အကြမ်းဖက်သမားများအား အားပေးအားမြှောက် ပြုနေသည့် ပြည်ဖျက်မီဒီယာများက တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်တွင် မဟုတ်မမှန် သတင်းများ ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်

(၅-၈-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၈-၇-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၈-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၅,၉၆၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၆ ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## စဉ့်ကူးမြို့နယ် ကံတောင်ရွာနှင့် နွယ်ရုံရွာကို တပ်မတော်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ဟု သတင်းအမှားများ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကံတောင်ရွာနှင့် နွယ်ရုံရွာများကို ဩဂုတ် ၄ ရက်တွင် တပ်မတော်က တိုက်ပွဲဖြစ်ပွားခြင်း မရှိဘဲ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ကလေးငယ် နှစ်ဦး အပါအဝင် ပြည်သူ ၁၃ ဦး သေဆုံးခဲ့ကြောင်းကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းရက်တွင် စဉ့်ကူးမြို့နယ် ကံတောင်ရွာနှင့် နွယ်ရုံရွာများသို့ တပ်မတော်လေယာဉ် ပျံသန်းမှု လုံးဝမရှိကြောင်း၊ စဉ့်ကူးမြို့နယ်တွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများ၊ Drop Bomb များဖြင့် တိုက်ခိုက်မှုများ မကြာခဏပြုလုပ်နေပြီး ၎င်းတို့၏ လက်နက်ကြီးကျည်များသည် ကျေးရွာများအတွင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့ရသည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့ကြောင်း၊ ထိုသို့ ၎င်းတို့၏ လုပ်ရပ်အား ဖုံးကွယ်ရန်အတွက် တပ်မတော်မှ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းဖြင့် ဗုံးကြဲ တိုက်ခိုက်ခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းများ လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ရတနာပုံတက္ကသိုလ်၌ ပညာ၏တန်ဖိုးအကြောင်း ဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၅**

ရတနာပုံတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူ လူငယ်များ ပညာအသိ၊ ပညာတန်ဖိုး၊ စာပေယဉ်ကျေးမှု၊ စာပေချစ်စိတ်တို့ကို မြတ်နိုးတန်ဖိုးထားတတ်စေရန် ရည်ရွယ်ချက်ဖြင့် စာပေပညာ၏တန်ဖိုးအကြောင်း ဟောပြောပွဲကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီခွဲက အဆိုပါတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ဟောပြောပွဲသို့ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ စီမံဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပါမောက္ခချုပ်က အမှာစကားပြောကြားပြီး ဆရာကြီး ဒေါက်တာမောင်သင်း ပါမောက္ခချုပ်(ငြိမ်း)က "ပညာပါမှ အမြင့်သို့ ရောက်မှာ" ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် တက်ရောက်လာသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ဆက်လက်ပြီး ဆရာကြီး ဒေါက်တာမောင်သင်းက ရတနာပုံတက္ကသိုလ်စာကြည့်တိုက်နှင့် ဘာသာရပ်စာကြည့်တိုက်များသို့ သုတစာပေ၊ ရသစာပေ၊ ပညာရပ်ဆိုင်ရာ (ပြည်တွင်း/ပြည်ပ)၊ သုတေသနဆိုင်ရာ၊ ပြဋ္ဌာန်းချက်ဆိုင်ရာ စသည့် စာအုပ်ပေါင်း ၈၅ အုပ်ကို ပေးအပ်လှူဒါန်းရာ ပါမောက္ခချုပ်က လက်ခံရယူကြောင်း သိရသည်။

**တင်မောင်-မန်း**

## စလင်းမြို့နယ် ရွှေစေတီမိုးကုတ်ရိပ်သာလမ်း ကွန်ကရစ်ခင်းအဆင့်မြှင့်တင်မှု ပြီးစီး

**စလင်း ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့ မြင်တင်ရပ်ကွက်ရှိ ရွှေစေတီမိုးကုတ်ရိပ်သာလမ်းကို မြေသား ကျောက်စရစ်လမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

လမ်းအရှည် ၄၉၈ ပေ၊ အကျယ် ၁၂ ပေ၊ ထု ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းကို ကျပ် ၂၂ ဒသမ ၅၅ သန်း အကုန်အကျခံ၍ အမှုဆောင်အရာရှိနှင့်မြို့ပြအင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခြင်းဖြစ်ကြောင်း သိရသည်။

**မောင်လွင် (စလင်း)**

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ - ၈ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၅၀ ကျပ် | ၂၅၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၂၀ ကျပ် | ၃၀၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၇၀ ကျပ် | ၂၈၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၉၅ ကျပ် | ၂၉၇၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## စာပေမြင့်မှ လူမျိုးတင့်မည်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၉၀၀ | ၁၈၁၆ | ၁၆၁၂၆၃၀၀ |
| MTSH | ၃၆၀၀ | ၃၆၀၀ | ၈၆၈၃ | ၃၀၄၈၅၇၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၅၀ | ၁၈၀၀ | ၁၅၈၇၁ | ၂၈၅၆၄၇၅၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၅၅၀ | ၁၅၁၂၅၀၀ |
| EFR | ၁၈၀၀ | ၁၇၅၀ | ၉၂၀ | ၁၆၁၂၅၅၀ |
| AMATA | ၄၆၀၀ | ၄၇၀၀ | ၃၃၉ | ၁၅၅၉၄၀၀ |
| MAEX | ၃၄၅၀ | ၃၅၀၀ | ၁၃၆၂ | ၄၇၁၄၆၀၀ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5N/9779 TOYOTA ALPHARD GGH20L ယာဉ်လက်ဝယ်ရှိသူ ဒေါ်မျိုးမျိုးခိုင် ၁၂/ဗဟန(နိုင်)၀၇၇၂၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/54889 KAMAX 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆွေညွှန့် ၉/မရတ(နိုင်)၀၀၉၂၂၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၃၁၉)၊ မြေဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဦးသန်းဦး (ဘ) ဦးတင်ရွှေ ၇/ဝမန(နိုင်)၀၁၀၂၅၆အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကိုဦးသန်းဦးထံမှနေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၁၂၆၂/၂၀၂၂)၊ (၂၉-၃-၂၀၂၂)ရရှိထားသူ ဦးချိန်ခိုင်ချန် (ဘ) ဦးချိန်ကျန်ချမ်း ၁၃/မကန(နိုင်)၀၆၂၇၈၉မှ ဦးသူရဌေး (ဘ) ဦးကံဌေး ၉/အမဇ(နိုင်)၀၀၇၃၇၅နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုတ္တော်ရပ်ကွက်၊ အကွက်အမှတ် ၄၁၆-ဃ၊ ဦးပိုင်အမှတ်၄၃-ဇ/၉ ခဲစင်း၊ ၉x၁၀ကြား၊ ၇၅x၇၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြစိုး ၉/မနမ(နိုင်)၀၂၅၅၄၁၊ ဒေါ်ဌေးဌေး ၉/မနမ(နိုင်)၀၂၃၉၈၂တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၈၀/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရှိမှူး(ခ)ရှိမား ၁၃/နခတ(နိုင်)၀၁၃၅၄၂က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ တပ်ကြီးရပ်ကွက်၊ အကွက်အမှတ် (၆၂၉)၊ ဦးပိုင်အမှတ် (၁၆၆/၁-က)၊ စစ်ကိုင်း-မြစ်ငယ် ကားလမ်းတောင်ဘက်၊ ကျောက်စိမ်းဘုရားအနီးရှိ မြေကွက်အား ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၂၉နှင့် ၃၀တို့အရ လယ်ယာမြေအား အခြားနည်းအသုံးပြုရန် ခွင့်ပြုမိန့်ပုံစံ (၁၅-က) တို့နှင့်အတူ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၏ ၂၇-၁-၂၀၁၆ ရက်စွဲပါ စာအမှတ် ၂/၃-၃/၇ဦး ၆(၀၅၄)အရ ဦးစိုးနိုင်(မန်နေဂျင်းဒါရိုက်တာ အေးအေးခိုင် ကုမ္ပဏီ) ၅/စကန(နိုင်)၀၄၉၀၂၇က အမှုတွဲအမှတ် ၂၅၉၇/၂၀၂၄-၂၀၂၅ဖြင့် ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေဂွမ်းထုပ်ရပ်ကွက်၊ အကွက်အမှတ် ၅၉၅-က၊ ဦးပိုင်အမှတ်(၆၅+၆၆က+၆၇.က)၊ တရုတ်တန်းလမ်း၊ ကွမ်းသီးတန်းနှင့် မောင်းတန်းလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်စိုးဝင်း ၉/အမရ(နိုင်)၀၀၇၂၂၁က အမှုတွဲအမှတ် (၂၅၉၆/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် သ-၄၊ ဦးပိုင်အမှတ်(၇၆)၊ ၇၀x၇၁လမ်းကြား၊ ၁၁၅x၁၁၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လောဆုံထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၂၀၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဂေါင်ကျုံထွမ် ၁/ဝမန(ပြု)၀၀၀၀၁၂က အမှုတွဲအမှတ် (၂၅၉၀/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဒဒ-၅)၊ ဦးပိုင်အမှတ်(၆၈)၊ ၆၀(B)လမ်းx၆၁လမ်းကြား၊ ဗန္ဓုလနှင့် အေးမေတ္တာလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မြင့်မြင့်အေးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၂၇၅/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လျှိုဆိုက်ကျီ ၁၃/ကခန(နိုင်)၀၁၄၅၂၄က အမှုတွဲအမှတ် ၂၅၉၅/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၄)၊ ဦးပိုင်အမှတ်(၇၇)၊ ၇၀x၇၁လမ်းကြား၊ ၁၁၅x၁၁၆လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လောဆုံထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၂၀၂/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဂေါင်ကျုံထွမ် ၁/ဝမန(ပြု)၀၀၀၀၁၂ က အမှုတွဲအမှတ် ၂၅၉၁/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ်(ဏ-၁)၊ ဦးပိုင်အမှတ်(၆၂)၊ ၆၄x၆၅လမ်းကြား၊ ၁၀၄x၁၀၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လှလှမြင့်၏ (SPရရှိသူ ဦးမင်းထက်သွင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၅၈၁/၂၀၂၃) ဖြင့်ဝယ်ယူခဲ့သူ ဦးကျော်အေး ၉/မနတ(နိုင်)၀၁၂၇၅၀ ၊ ဒေါ်တိုးတိုးအောင် ၉/အမရ(နိုင်)၀၈၆၁၁၀တို့က အမှုတွဲအမှတ် ၂၅၉၉/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ်(ဏ-၉)၊ ဦးပိုင်အမှတ်(၃၃-က)၊ လမ်း၆၀နှင့် နဒီမြောင်းကြား၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အေးအေးသက် ၅/ရဥန(နိုင်)၀၀၅၈၆၂ ၏ (SPရရှိသူ ဒေါ်ထွေးထွေးခိုင်) က အမှုတွဲအမှတ် ၂၆၀၂/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၆၄)၊ ဦးပိုင်အမှတ်(၁၇-အ/၁၆)၊ ၁၄x၁၅လမ်းကြား၊ ၈၆x၈၇လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးဇော်မင်းထွန်း ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၆၃၃/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တင်တင်ထွေး ၉/မရမ(နိုင်)၀၄၃၁၀၂၊ ဦးရဲဝင်းနိုင် ၉/ခအဇ(နိုင်)၀၃၇၈၀၂တို့က အမှုတွဲအမှတ် ၀၃၂၇/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ /အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ် ၈၄၀၊ ဦးပိုင်အမှတ် ၁၆-ခ ခဲစင်း/ ၇၈x၇၉ကြား၊ ၄၂လမ်းx မိုးထားကျောင်းတိုက်အကြားရှိ ဦးတင်လှိုင်၊ ဒေါ်တုတ်တုတ်အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၈၉၀/၁၉၉၈)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဦးခင်မောင်မင်း၊ ဦးခင်မောင်လင်း၊ ဒေါ်ခင်မြမြ၊ ဒေါ်ခင်လှလှ၊ ဒေါ်ခင်မမ၊ ဦးခင်မောင်သင်း၊ ဒေါ်သင်းသင်းနိုင်တို့ ခုနစ်ဦးအနက် ဦးခင်မောင်လင်း ပါ ခြောက်ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၅၈၀/၂၀၁၁)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဖခင် ဦးခင်မောင်မင်းထံမှ အပေးစာချုပ်အမှတ်(၇၄၂/၂၀၁၄)ဖြင့် သား မောင်ဖြိုးမင်းဇော်၊ သမီး မနွယ်ဝါဝါမင်းတို့က ပိုင်ဆိုင်ခဲ့ပြီး အစ်ကို ဦးဖြိုးမင်းဇော်(လူပျိုဘဝ) ကွယ်လွန်၍ ကျန်ရစ်သော ညီမဖြစ်သူ ဒေါ်နွယ်ဝါဝါမင်း ၉/မဟမ(နိုင်) ၀၁၅၁၄၂က ဦးပိုင်ခွဲမိန့်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် ခဲစင်းပြမြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၄၂)၊ ဦးပိုင်အမှတ်(၈-ဃ)၊ ၈၂လမ်း၊ ၁၇x၁၈လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်အီပေါက်၏(SPရရှိသူ ဦးဇော်ထူးအောင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၀၅၀/၂၀၂၄) ဖြင့်ဝယ်ယူခဲ့သူ ဒေါ်မြတ်သီတာဝင်း ၁/မညန(နိုင်)၁၁၅၀၀၆ က အမှုတွဲအမှတ် ၀၃၂၅/ဘ (ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့်ဘိုးဘ /အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၉)၊ ဦးပိုင်အမှတ်(၄က+၅ကအတွင်းမှ ခဲစင်းပြ (၅-က/ခဲစင်း)၊ ၈၆လမ်း၊ ၈x၉လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးရန်ရင်ရှန်း(ခ)ရန်ရှင်ရုံ(ခ) ကျော်ထွန်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၅၈၄/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးထွန်းရင် ၉/မနမ(နိုင်)၀၁၂၈၉၈က အမှုတွဲအမှတ် ၀၃၂၆/ဘခွဲ (ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ/ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ် ၂၆၆၊ ဦးပိုင်အမှတ်(၅၅+၅၆-က)၊ လမ်း ၉၀၊ ၃၁x၃၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော CB-Bank(သမဝါယမဘဏ်လီမိတက်)၏ (CB Bank PCL ၏ ကိုယ်စား ဘဏ်ဒါရိုက်တာအဖွဲ့အစည်းအဝေး မှ သဘောတူဆုံးဖြတ်ချက်အရ ဦးဆန်းဦး (လက်ထောက်အထွေထွေမန်နေဂျာ)မှ တာဝန်ယူလက်မှတ်ရေးထိုးသည်)က အမှုတွဲအမှတ်(၂၆၀၁/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၁၅၊ ဦးပိုင်အမှတ်(၉)၊ ၅၆လမ်းမျက်နှာပြု၊ ၄၃လမ်းxသိပ္ပံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဆွေဆွေမော် ၉/မရတ(နိုင်)၁၀၈၁၂၂က အမှုတွဲအမှတ် (၂၆၀၉/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ်(န-၄)၊ ဦးပိုင်အမှတ်(၈၃)၊ ၆၂x၆၃လမ်းကြား၊ ၄၁x၄၂လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကွမ်းစိန်(ခ)ဦးကွမ်စိန်(ခ)ဦးကွန်းစိန် ၏(SPရရှိသူ ဦးသန်းဦး) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၁၁၁/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သင်းသင်းလှိုင် ၁၂/စခန(နိုင်)၀၀၇၃၇၂ က အမှုတွဲအမှတ် ၂၆၀၇/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး /အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/27482 Misss 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလင်း ၁၃/ညရန(နိုင်)၀၀၆၆၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/25203 Hi Bo Bo 110 ယာဉ်လက်ဝယ်ရှိသူ Saung Yati Aye Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၁၆၊ ဦးပိုင်အမှတ်(၅၂/ခဲစင်း)၊ ၅၁x၅၂လမ်းကြား၊ မဥ္ဇူလမ်းနှင့် ခတ္တာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်မာဝင်း ၉/မရမ(နိုင်)၀၃၄၆၃၁က အမှုတွဲအမှတ် (၂၆၀၀/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုင်းမင်းထွန်း ၁၂/လကန(နိုင်)၂၂၇၃၅၅ ၏ သင်္ဘောသားစာအုပ် All in one နံပါတ် DKP 111911မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

**ဖုန်း-၀၉-၇၅၆၁၄၅၁၇၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၁၅၊ ဦးပိုင်အမှတ်(၁၆)၊ သိပ္ပံလမ်းနှင့် ၅၆လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဆွေဆွေမော် ၉/မရတ(နိုင်)၁၀၈၁၂၂က အမှုတွဲအမှတ် (၂၆၀၈/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ် အပိုင်း ၃/၁၊ ဦးပိုင်အမှတ်(၁၉-ဈ/၁)၊ ၃၇x၃၈လမ်းကြား၊ ၆၈x၆၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကြည်ကြည်ဝင်း ၏ (SPရရှိသူ ဒေါ်သဇင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၈၄၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မေသွယ်ဦး ၉/ခအဇ(နိုင်)၀၁၇၅၆၁က အမှုတွဲအမှတ် (၂၆၀၆/ ၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ရပ်ကွက်၊ အကွက်အမှတ် ငု-၂၊ ဦးပိုင်အမှတ်(၁၈၈/ခဲစင်း)၊ ၁၀၈လမ်း၊ ၆၂x၆၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမင်းစိုး၏(SPရရှိသူ ဦးကျော်စွာ)ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၁၆၀၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စန်းသီး ၅/ကလထ(နိုင်)၁၃၄၂၂၅က အမှုတွဲအမှတ် (၂၆၀၃/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**မော်လမြိုင်ခရိုင်တရားရုံးတော်**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် -၉၇**

| | |
|---|---|
| ၁။ မခင်မာဦး(ကိုယ်တိုင် နှင့် | ၁။ ဦးမောင်တင် |
| အမှတ်(၃)(၄)(၅)(၆) နှင့် | ၂။ ဒေါ်တွတ် |
| တရားလိုတို့၏အခွင့်ရကိုယ်စားလှယ်နှင့် | ၃။ ဦးဘစန်း |
| အရွယ်မရောက်သေးသူမောင်ကျော်သူရ၏ | ၄။ ဒေါ်သန်းမြင့် |
| နီးစပ်ရာမိတ်ဆွေ) | ၅။ ဒေါ်ရွှေ |
| ၂။မောင်ကျော်သူရ | (အမှတ်(၁)မှ(၅)ထိ |
| ၃။မခင်ယုဆွေ | တရားပြိုင်များ၏ |
| ၄။မောင်ကျော်ဇေယျ | အခွင့်ရကိုယ်စားလှယ်မခိုင်နီသင်း) |
| ၅။ မောင်ရဲဇာထွန်း | ၆။ မောင်ကျော်နောင်ထွန်း |
| ၆။ မောင်ဇာနည်ထွန်း | ၇။ မမျိုးသီတာ |
| (အမှတ်(၁)မှ(၆)ထိ ကွယ်လွန်သူဒေါ်သန်းကြည်၏တရားဝင်ကိုယ်စားလှယ်များ) | |
| ၇။ ဦးမိုးဆွေ | |
| ၈။ ဦးဝင်းမြင့် | |
| ၉။ ဒေါ်မချစ် | |
| **တရားလိုများ** | **တရားပြိုင်များ** |

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တောင်ပကျေးရွာနေ (၇)တရားပြိုင်မမျိုးသီတာ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

